# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 22 December 2023 ၁၁၃၁၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ


**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း**

စာမျက်နှာ » ၃

**အခုလို လူငယ်နှင့် စာပေအနုပညာပွဲတော်တွေကို ကျင်းပပေးပြီး လူငယ်တွေအများကြီး လာရောက်လေ့လာမယ်ဆိုရင် အနာဂတ်မှာ ဖြစ်ချင်တဲ့ ရည်ရွယ်ချက်တွေ ပေါ်ပေါက်လာမယ်လို့ ကျွန်တော်ကတော့ မြင်မိပါတယ်**

စာမျက်နှာ » ၇

**စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းပညာအတွက် စာသင်နှစ် တစ်နှစ်လျှင် ကျောင်းတစ်ကျောင်း၌ ကျောင်းသားကျောင်းသူ ၆၀ သင်ကြားပေးလျက်ရှိ**

စာမျက်နှာ » ၁၇




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေးပြခန်းများကို ကြည့်ရှုအားပေးစဉ်။

# မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်သလို ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာ ကဏ္ဍများနှင့်လည်း ပူးပေါင်းဆောင်ရွက်

## မြန်မာ့တိုင်းရင်းဆေးပညာအခြေခံသီအိုရီများ ခိုင်မာမှန်ကန်ကြောင်း သက်သေပြရန် တိုင်းရင်းဆေးပညာရှင်များက ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၂၁

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။


စာမျက်နှာ ၄ ကော်လံ ၁ သို့ ✳





ကြေးမုံ

# နိုင်ငံချစ်စိတ်ဖြင့် ပြည်ထောင်စုကိုကာကွယ်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးအားလုံးတို့သည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ မရှိအတူရှိအတူ၊ အေးအတူပူအမျှ စည်းလုံးညီညွတ်စွာဖြင့် အတူတကွနေထိုင်လာခဲ့ကြသည်။ ၁၉ ရာစုအတွင်း၌ ကိုလိုနီနယ်ချဲ့နိုင်ငံကြီးများ၏ အပြိုင်အဆိုင်ကျူးကျော်လာမှုကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်များသည် နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝသို့ ကျရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဘိုးဘေးဘီဘင်များက နယ်ချဲ့တို့၏ ဖိနှိပ်သွေးခွဲအုပ်ချုပ်မှုများ၊ ကုပ်သွေးစုပ် အမြတ်ထုတ်မှုများကြားမှ နိုင်ငံနှင့်လူမျိုးကို ချစ်သည့်စိတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တိုင်းပြည်ကျွန်ဘဝမှ လွတ်မြောက်အောင် အသက်သွေးချွေးများပေးဆပ်ပြီး ကြိုးပမ်းအားထုတ်ခဲ့ရာ လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ နယ်ချဲ့လက်အောက် သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရခြင်းသည် စည်းလုံးညီညွတ်မှု မခိုင်မာမှုနှင့် နိုင်ငံ့အင်အားမတောင့်တင်းမှုတို့ကြောင့်ဖြစ်သည်ကို သင်ခန်းစာယူရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုအုပ်ချုပ်ခဲ့မှု၏ အကျိုးဆက်များ ကျန်ရှိနေဆဲဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

ထို့ကြောင့် "နိုင်ငံတော်ပြိုကွဲပျက်စီးမှုမဖြစ်စေရေး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ပေးကြရန်နှင့် ခေတ်သစ်ကိုလိုနီဝါဒ၏ လုပ်နည်းလုပ်ဟန်များကို မျက်ခြည်မပြတ်စောင့်ကြည့်ပြီး အသိတရား၊ သတိတရား လက်ကိုင်ထားပေးကြရန်အတွက် မျိုးဆက်သစ်လူငယ်များကို အသိပညာပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ကမ္ဘာတစ်ခွင် ဖြစ်ပေါ်နေသော နိုင်ငံတကာအခြေအနေများအရဖြစ်စေ၊ မြန်မာနိုင်ငံ၏ ပကတိအရှိအခြေအနေများအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အားလုံးအတွက် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံးအမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးတာဝန်များဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်အေးခေတ်နှောင်းပိုင်းကာလများတွင် အင်အားကြီးနိုင်ငံကြီးများသည် အင်အားနည်းသည့်နိုင်ငံငယ်များအပေါ် ထိန်းချုပ်ခြယ်လှယ်နိုင်ရန် သို့မဟုတ် ဩဇာလွှမ်းမိုးနိုင်စေရန် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုကဏ္ဍများ၌ နည်းလမ်းပေါင်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။

အထူးသဖြင့် အင်အားကြီးနိုင်ငံကြီးအချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်များကို ၎င်းတို့၏ဩဇာခံပုဆိန်ရိုးများ၊ ကြိုးဆွဲခံရုပ်သေးရုပ်များအဖြစ် စည်းရုံးသိမ်းသွင်းမွေးမြူပြီး နိုင်ငံအတွင်းမျက်နှာစာအသီးသီးမှ ထိုးဖောက်ဝင်ရောက်ကာ လူမျိုးရေး၊ ဘာသာရေး၊ စီးပွားရေး စသည့်ကဏ္ဍပေါင်းစုံတွင် မတည်မငြိမ် ကမောက်ကမဖြစ်အောင် မီးမွှေးပေးမှုများ၊ လုပ်ကြံဖန်တီးမှုများနှင့် သွေးထိုးမြှောက်ပင့်ပေးနေမှုများကို မြင်တွေ့ကြရမည်ဖြစ်သည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေး၊ တိုင်းရင်းသားပြည်သူအရေးစသည်တို့ကို ရှေ့တန်းတင်ယောင်ပြပြီး လိုသလိုပုံဖော်လုပ်ဆောင်မှုများနှင့် ဖိအားပေးအကျပ်ကိုင်မှုများ နည်းလမ်းပေါင်းစုံအသုံးပြုပြီး ၎င်းတို့၏ကြိုးဆွဲသူ နယ်ချဲ့လက်သစ်ဩဇာလောင်းရိပ်အောက်သို့ရောက်အောင် ကြိုးစားနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

မျက်မှောက်ကာလ ယင်းသို့သောအခြေအနေများတွင် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်များအနေဖြင့် မိမိနိုင်ငံကို စည်းလုံးညီညွတ်စွာ ထိန်းသိမ်းကာကွယ်နိုင်စွမ်းမရှိပါက တိုင်းပြည်ဖရိုဖရဲပြိုကွဲသွားနိုင်သကဲ့သို့ နယ်ချဲ့လက်သစ်တို့အလိုကျ လိုသလိုပုံသွင်း လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်မှုများနှင့် လက်အောက်ခံနိုင်ငံ၊ ဩဇာခံနိုင်ငံအဖြစ်သို့ ရောက်သွားနိုင်သည်ကို သတိမူကြရမည်ဖြစ်သည်။ ယနေ့ကာလတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ခြင်းမရှိဘဲ နိုင်ငံနှင့်ပြည်သူလူထုအကျိုးကို လျစ်လျူရှုပြီး တစ်ဦးနှင့်တစ်ဦး သံသယများ၊ အတ္တမာနများ၊ လွဲမှားသည့်အယူအဆများဖြင့် ဆက်လက်လုပ်ကိုင်နေမည်ဆိုပါက နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားသည်ကို သတိပြုရမည်ဖြစ်သည်။

အထူးသဖြင့် နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြရမည့် မျိုးဆက်သစ်လူငယ်လူရွယ်လေးများအနေဖြင့် နိုင်ငံ၏နောက်ခံသမိုင်းကြောင်းနှင့် မျက်မှောက်ကာလ ပြည်တွင်း၊ ပြည်ပအခြေအနေများကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်စွမ်းရှိပြီး မှန်ကန်သောအသိအမြင်များနှင့် တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးသည့် သားကောင်းရတနာများဖြစ်အောင် ပျိုးထောင်ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံစည်းလုံးညီညွတ်မှုနှင့်အင်အားတောင့်တင်းခိုင်မာမှုမရှိပါက တိုင်းပြည်ပြိုကွဲပျက်စီးပြီး နယ်ချဲ့လက်အောက် သို့မဟုတ် လက်ဝေခံဘဝသို့ တစ်ဖန်ပြန်လည်ကျရောက်သွားနိုင်သဖြင့် နယ်ချဲ့လက်သစ်နိုင်ငံများ၏ ပရိယာယ်ကို သတိမူပြီး တိုင်းရင်းသားပြည်သူအားလုံး နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ဖြင့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားနိုင်ငံရေးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကိုမြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးနှင့် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ အကြမ်းဖက်ဖြစ်စဉ်များအားလုံး ချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး။

၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် MSME စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရေး။

## လူထုပါတီ (The Party for People) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၅၃ / ၂၀၂၃)**

၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

**လူထုပါတီ (The Party for People) ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီးရပ်ကွက်၊ ကာယ(၁၂)လမ်း၊ အမှတ်(၄/၃၆၁)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **လူထုပါတီ (The Party for People)** ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**လူထုပါတီ (The Party for People)** ၏ မှတ်ပုံတင်အမှတ်မှာ (၄၆) ဖြစ်ပါသည်။

( ပုံ ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၁ - ၁၂ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၈၀၀ | ၈,၇၀၀ | ၈ | ၆၉,၇၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၂,၁၄၃ | ၆,၁၀၇,၅၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၁၀၈ | ၁၇၈,၂၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၀ | ၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၃၁၀ | ၆၀၅,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၂၇ | ၁၂၇,၂၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၃၆၃ | ၆၁၇,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန်** - ဦးနိုင်လင်းကြည်၊
**စာတည်းများ** ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အစွမ်းထက်မြက်လှသော မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးများ၊ ဆေးနည်းများ၊ ဆေးပင်များကို အတွေ့အကြုံ အခြေပြု ဆေးပညာမှသည် အထောက်အထားအခြေပြု ဆေးပညာအဖြစ်သို့ ရောက်ရှိအောင် သုတေသနများတိုးမြှင့်လုပ်ဆောင်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်



ဒီနေ့ ကျင်းပပြုလုပ်မယ့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို တက်ရောက်လာကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၊ ဆက်စပ်နှီးနွှယ်ပညာရှင်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းလျက် ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲများကို ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ် ကျင်းပလာခဲ့တာ ယခုဆိုရင် (၂၂)ကြိမ်မြောက် ကျင်းပနိုင်ပြီဖြစ်ပါတယ်။ ယခု ၂၀၂၃ ခုနှစ်မှာ ကျင်းပတဲ့(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲမှာ မြန်မာ့တိုင်းရင်းဆေးပညာကို ဘက်ပေါင်းစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်ပြီး အနယ်နယ်အရပ်ရပ်မှ တက်ရောက်လာကြတဲ့ တိုင်းရင်းဆေးသမားတော်ကြီးများက ဝိုင်းဝန်းဆွေးနွေး အကြံပြုကြမယ်လို့ သိရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာဟာ နှစ်ပေါင်းထောင်ချီရှည်လျားခဲ့တဲ့ သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့တဲ့ အမျိုးသားဆေးပညာဖြစ်ပါတယ်။ မြန်မာလူမျိုးတို့ဟာ ခေတ်အဆက်ဆက် မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ကျန်းမာအောင်နေထိုင်ခဲ့ကြပါတယ်။ တိုင်းရင်းဆေးဖြင့် အသက်ရှင်ခဲ့ကြပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ အခြေခံဖြစ်တဲ့ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ ဝိဇ္ဇာဓရနယ၊ နက္ခတ္တနယဟူသော နယကြီးလေးပါးကို အခြေတည်ပြီး လက်တွေ့ပျောက်ကင်းအောင် ကုသနိုင်ခဲ့တဲ့ မှတ်တမ်းများကို တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်စတဲ့ ခေတ်အဆက်ဆက်မှာ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ပေ၊ ပုရပိုက်များ၊ စာပေကျမ်းဂန်များနဲ့ ဆေးကျမ်းများမှာ တွေ့ရှိရပါတယ်။ ဒါ့အပြင် ရှေးခေတ်တိုင်းရင်းသမားတော်ကြီးများကိုယ်တိုင် ဘုရင်နဲ့တကွ၊ မင်းညီမင်းသားများ၊ မှူးကြီးမတ်ရာများ၊ သေနာပတိများနဲ့ တိုင်းသူပြည်သားများကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့တဲ့မှတ်တမ်းများ အထင်အရှား တွေ့ရှိနိုင်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ဟာ ကျေးလက်ဒေသများမှာ နေထိုင်ကြပြီး ကျေးလက်နေပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများမှာ ယနေ့ထိတိုင် ရိုးရာတိုင်းရင်းဆေးဝါးများကို ယုံကြည်အားထားပြီး သုံးစွဲလျက်ရှိနေကြတာကို တွေ့ရှိရပါတယ်။

ယနေ့အချိန်အခါမှာ နိုင်ငံတော်အနေနဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မယ့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးသားဆေးပညာဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးကို အပြည့်အဝ စောင့်ရှောက်မှုပေးနိုင်ဖို့အတွက် နိုင်ငံတစ်ဝန်း တိုင်းရင်းဆေးရုံ၊ ဆေးခန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ခေတ်မီဆေးသိပ္ပံပညာများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ သဘာဝဆေးဝါးများကို တွင်ကျယ်စွာအသုံးပြုလာကြတာကို တွေ့ရပါတယ်။ "အစာလည်းဆေး၊ ဆေးလည်းအစာ" ဟူတဲ့ သဘောတရားနဲ့အညီ နေ့စဉ်နေထိုင်မှု လူမှုဘဝမှာလည်း မြန်မာ့တိုင်းရင်းဆေးပညာ အခြေခံသဘောတရားဖြစ်တဲ့ ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန် ရသာခြောက်ပါးကို ညီညွတ်မျှတစွာ စားသုံးပေးခြင်းဖြင့် သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်တဲ့ နည်းလမ်းကောင်းများ ရှိနေပါတယ်။ ဒါ့ကြောင့် မြန်မာ့တိုင်းရင်းဆေးပညာကို တန်ဖိုးထားထိန်းသိမ်းရန်လိုအပ်သကဲ့သို့ ပြည်သူလူထုအနေဖြင့် တိုင်းရင်းဆေးပညာ နည်းစနစ်များအရ နေ့စဉ်မျှတစွာ စားသောက်နေထိုင်ကြစေလိုကြောင်းကို တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာ့သမိုင်းအစဉ်အဆက် လက်ဆင့်ကမ်းအသုံးပြုခဲ့ကြတဲ့ မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာ အဆင့်အတန်းပိုမိုမြင့်မားစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ နည်းပညာများသင်ယူလေ့လာခြင်း၊ မျှဝေခြင်း စသည်ဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းကြိုးပမ်း၍ ကမ္ဘာ့အလယ်မှာ မြန်မာ့တိုင်းရင်းဆေးပညာဟု ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါတယ်။ နိုင်ငံတော်အနေဖြင့် အဘက်ဘက်ကလိုအပ်ချက်များကို ဝိုင်းဝန်းပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်၏ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နှစ်စဉ် သုတေသနရန်ပုံငွေများ ထောက်ပံ့ပေးလျက်ရှိပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနအနေနှင့် အစွမ်းထက်မြက်လှသော မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးများ၊ ဆေးနည်းများ၊ ဆေးပင်များကို အတွေ့အကြုံအခြေပြု ဆေးပညာမှသည် အထောက်အထားအခြေပြု ဆေးပညာအဖြစ်သို့ ရောက်ရှိအောင် သုတေသနများ တိုးမြှင့်လုပ်ဆောင်ရန် တိုက်တွန်းမှာကြားလိုပါတယ်။

ကမ္ဘာ့နိုင်ငံအနှံ့အပြားမှာ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်နေချိန်၌ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက မြန်မာ့တိုင်းရင်းဆေးကျမ်းလာ ဝိသမအဖျားပျောက်ဆေးကို စနစ်တကျ သုတေသနဆောင်ရွက်၍ ကိုဗစ်-၁၉ ရောဂါလက္ခဏာများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်တဲ့ ကိုဗစ်-၁၉ ရောဂါ ကုသဆေးတစ်လက် ဖော်ထုတ်နိုင်ခဲ့ပါတယ်။ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများမှာ ဝိသမအဖျားပျောက်ဆေးဖြင့် ကိုဗစ်-၁၉ ရောဂါသာမက ရာသီတုပ်ကွေးရောဂါကိုပါ ကုသပေးနေတာကို သိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မြန်မာ့တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ရေးနှင့် ပတ်သက်ပြီး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီ ပံ့ပိုးပေးလျက်ရှိပါတယ်။ ဝိသမအဖျားပျောက်ဆေးကဲ့သို့ မြန်မာ့တိုင်းရင်းဆေးဝါးများကို စနစ်တကျ သုတေသနပြုလုပ်၍ အများပြည်သူ ယုံကြည်အားထားလာအောင် ဆောင်ရွက်ကြရန်နှင့် ဘေးဥပဒ်ကင်းပြီး အရည်အသွေးအာမခံချက်ရှိသည့် မြန်မာ့တိုင်းရင်းဆေးဝါးများကို မြန်မာနိုင်ငံအတွင်းသာမက နိုင်ငံတကာသို့ တင်ပို့နိုင်အောင် မျှော်မှန်းဆောင်ရွက်ကြရန်ကိုလည်း အားပေးတိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပပေးရခြင်းသည် မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များထဲက အရေးကြီးသောကဏ္ဍ တစ်ရပ်အနေဖြင့် ပါဝင်လျက်ရှိပါတယ်။ ယခု(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ဖို့ ဝိုင်းဝန်းပံ့ပိုးပေးခဲ့ကြတဲ့ ကျန်းမာရေးဝန်ကြီးဌာနနဲ့ နှီးနွှယ်ဆက်စပ်ဝန်ကြီးဌာနများက ပညာရှင်ကိုယ်စားလှယ်များ၊ ကဏ္ဍအလိုက် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးကြသူ တိုင်းရင်းဆေးရပ်ဝန်းမှအားလုံးကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ညီလာခံကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခိုက် ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်ပွင့်လင်းစွာဖြင့် ဆွေးနွေးတိုင်ပင်နှီးနှောပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဤဂုဏ်ပြုမိန့်ခွန်းကို ပေးပို့အပ်ပါတယ်။

**ယနေ့အချိန်အခါမှာ နိုင်ငံတော်အနေနဲ့ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မယ့် ကျန်းမာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးသားဆေးပညာဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းသားပြည်သူများရဲ့ ကျန်းမာရေးကို အပြည့်အဝ စောင့်ရှောက်မှုပေးနိုင်ဖို့အတွက် နိုင်ငံတစ်ဝန်း တိုင်းရင်းဆေးရုံ၊ ဆေးခန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖွင့်လှစ်ပေးလျက်ရှိ**

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

* ရှေ့ဖုံးမှ

အခမ်းအနားသို့ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အသင်း/ အဖွဲ့များ၊ တိုင်းရင်းဆေး ကောင်စီဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းကြီးနှင့် မြန်မာနိုင်ငံ အနှံ့အပြားမှတိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ဆေးပစ္စည်းလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးရုံများမှ ဆရာ ဆရာမများ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးမြင့်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုမိန့်ခွန်း Video Message ကို ဖွင့်လှစ်ပြသသည်။ **(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အဖွင့်ဗီဒီယိုမိန့်ခွန်း အပြည့်အစုံအား စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၂၂) ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ (၂၂) ကြိမ်ကာလအတွင်း မြန်မာတစ်နိုင်ငံလုံးတွင် ရှိနေကြသည့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နီးနွယ်ပညာရှင်များအနေဖြင့် ယခုညီလာခံကြီးတွင် တစ်နှစ်တစ်ကြိမ် တွေ့ဆုံခွင့်ရရှိပြီး ပြည်သူများ၏ ကျန်းမာရေးကို တိုင်းရင်းဆေးနှင့် စောင့်ရှောက်ပေးနိုင်ရေးအတွက် တိုင်းရင်းဆေးပညာရပ်များ ဆွေးနွေးညှိနှိုင်းခွင့်၊ အသိပညာဖလှယ်ခွင့် ရရှိကြကြောင်း။

ယခုကျင်းပသည့် (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပြည်တွင်းပြည်ပရှိ ဆက်စပ်နီးနွယ် ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးမြင့်မားသည့် အစွမ်းထက်တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရန်၊ ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေး ပြည့်ဝသည့် တိုင်းရင်းဆေး ပညာရှင်များ ဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးရန်၊ ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးရန် စသည့် ရည်ရွယ်ချက် (၄)ရပ်နှင့် ကျင်းပခြင်းဖြစ်ကြောင်း၊ အဆိုပါရည်ရွယ်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစဉ်များကို ယခုညီလာခံက ညှိနှိုင်းဆွေးနွေးချမှတ်ပေးနိုင်မည်ဟုယုံကြည်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်က ဦးဆောင်ကျင်းပသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွင် မြန်မာ့တိုင်းရင်းဆေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိအမြင်များ ဖလှယ်နိုင်ကြရုံသာမက ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် အခြေအနေများကို သိရှိနိုင်ရန် အခွင့်အလမ်းများ ရရှိကြမည်ဖြစ်ကြောင်း၊ ညီလာခံတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဆွေးနွေးခွင့်များ ရရှိကြမည့်အပြင် အတွေ့အကြုံရင့်ကျက်သည့် တိုင်းရင်းဆေးသမားတော်ကြီးများက မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေ ပေးနိုင်မည်ဖြစ်သောကြောင့် မျိုးဆက်သစ်တိုင်းရင်းဆေးဆရာများအနေဖြင့် ပညာအမွေဆက်ခံခွင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများကိုပါ ရရှိစေမည်ဖြစ်ကြောင်း။

**စုပေါင်းအားထုတ်**

ညီလာခံ အဆက်ဆက်တွင် ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိသည့် အဆိုပြုချက်များ၊ တင်ပြဆွေးနွေးမှုများ ပြုလုပ်ကြပြီး ထောက်ခံဆွေးနွေးမှုများမှ ထွက်ပေါ်လာသည့် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည့် လုပ်ငန်းစဉ်များကို အပြည့်အဝ အကောင်အထည်ဖော်နိုင်အောင် စုပေါင်းအားထုတ်ကြရန်ကိုလည်း မိမိအနေဖြင့် အားပေးတိုက်တွန်းလိုပါကြောင်း။

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံတွင် အဆိုပြုချက် (၄)ချက် အဆိုပြုတင်သွင်းပြီး အလေးထားဆွေးနွေးကြမည်ဟု သိရကြောင်း၊ နိုင်ငံတော်အစိုးရက တိုင်းရင်းဆေးအခန်းကဏ္ဍကို အလေးအနက်ထားကာ အားပေးချီးမြှောက်ပေးလျက် ရှိနေသကဲ့သို့ တိုင်းရင်းဆေးပညာရှင်များကလည်း ယခုလို ကြိုးစားအားထုတ်နေသည်ကို တွေ့ရသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်မိပါကြောင်း၊ ထိုသို့ကြိုးစားအားထုတ်ကြရာတွင် စည်းကမ်းတကျဖြစ်စေရန် တိုင်းရင်းဆေးကောင်စီဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေတို့သည် အဓိကမဏ္ဍိုင်ကြီးများဖြစ်ပါကြောင်း၊

စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးမြင့်လွင်တို့က (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

- ❖ **မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲတွင် မြန်မာ့တိုင်းရင်းဆေးနယ်ပယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိအမြင်များ ဖလှယ်နိုင်ကြရုံသာမက ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသည့် အခြေအနေများကို သိရှိနိုင်ရန် အခွင့်အလမ်းများ ရရှိကြမည်ဖြစ်**
- ❖ **ညီလာခံတွင် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာဆွေးနွေးခွင့်များ ရရှိကြမည့်အပြင် အတွေ့အကြုံရင့်ကျက်သည့် တိုင်းရင်းဆေးသမားတော်ကြီးများက မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေ ပေးနိုင်မည်ဖြစ်သောကြောင့် မျိုးဆက်သစ်တိုင်းရင်းဆေးဆရာများအနေဖြင့် ပညာအမွေဆက်ခံခွင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများကိုပါ ရရှိစေမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၄ မှ

ယခုအချိန်တွင် မြန်မာ့တိုင်းရင်းဆေးပညာရှင်များကို ဒီပလိုမာအဆင့်၊ ဘွဲ့ရအဆင့်မှ တိုင်းရင်းဆေးပညာ မဟာဘွဲ့အဆင့်အထိ လေ့ကျင့် မွေးထုတ်ပေးနေပြီဖြစ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပြည်တွင်းတွင် ဖွံ့ဖြိုးတိုးတက်နေရန်လိုအပ်သလို ကမ္ဘာ့နိုင်ငံများ၏ တိုင်းရင်းဆေးဆိုင်ရာ ကဏ္ဍများနှင့်လည်း ပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

**ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်း**

နိုင်ငံတစ်နိုင်ငံချင်း၊ လူမျိုးတစ်မျိုးချင်း၏ တိုင်းရင်းဆေးပညာရပ်များသည် အခြေခံအားဖြင့် မတူညီကြသည့်အတွက် မြန်မာ့ တိုင်းရင်းဆေးပညာ အခြေခံသီအိုရီများ၊ ကိုယ်ပိုင်မူကိုယ်ပိုင်လက္ခဏာများကို ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် ထိန်းသိမ်းကြရမည် ဖြစ်သကဲ့သို့ အဆိုပါ အခြေခံသီအိုရီများကို ခိုင်မာမှန်ကန်ကြောင်း သက်သေပြရန်ကိုလည်း တိုင်းရင်းဆေးပညာရှင်များက ကြိုးပမ်းဆောင်ရွက်နေကြရမည်ဖြစ်ပါကြောင်း။

ရှေးမြန်မာမင်းများလက်ထက် အစွမ်းထက် မြန်မာ့တိုင်းရင်းဆေးဝါးများ၏ သမိုင်းကြောင်းကို ကြည့်ပါက ရတနာပုံခေတ် မင်းတုန်းမင်း လက်ထက်တွင် မြန်မာ့တိုင်းရင်း ဆေးပညာစစ်စစ်ဖြစ်သည့် ဒေသနာနယ ဆေးပညာနည်းစနစ် တောင်သာခြောက်လုံးကောက်ဆေးပညာကိုတောင်သာ ဆရာကြီးဆရာမှုန့်က တီထွင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထိုသို့ အစွမ်းထက် ဆေးစွမ်းကောင်းများ ပေါ်ထွန်းခဲ့သော်လည်း မြန်မာ့တိုင်းရင်းဆေးပညာသည် တတ်ကျွမ်းသည့် သမားတော်ကြီးများ ထံတွင် စာတွေ့၊ လက်တွေ့ အနီးကပ် ဆည်းပူးလေ့လာရသဖြင့် လက် ဆင့် ကမ်းသင ယူသူများ နည်းပါးလာခြင်း၊ ပညာအမွေအနှစ်မှတ်တမ်းများ လွှဲပြောင်းပေးနိုင်မှု အကန့်အသတ်နှင့် အားနည်းချက်ရှိခြင်းတို့ကြောင့် မြန်မာ့တိုင်းရင်းဆေးဝါးများရှိ ပညာရပ်အချို့ တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရက ၂၀၀၁ ခုနှစ်တွင် မန္တလေးမြို့၌ တိုင်းရင်းဆေးတက္ကသိုလ်ကို ဖွင့်လှစ်ကာ မျိုးဆက်သစ် တိုင်းရင်းဆေးပညာဘွဲ့ရများ မွေးထုတ်နိုင်ခဲ့ပြီး မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံကို နှစ်စဉ်ကျင်းပပေးခြင်းဖြင့် “သက်ကြီးစကား၊ သက်ငယ်ကြား” ဆိုသကဲ့သို့ အတွေ့အကြုံရင့်ကျက်သည့် တိုင်းရင်းဆေးသမားတော်ကြီးများက မျိုးဆက်သစ်လူငယ်များနှင့် ပညာရပ်ဆိုင်ရာများ၊ အတွေ့အကြုံ ဗဟုသုတများ နှီးနှောဖလှယ်နိုင်ခြင်း၊ လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးအထောက်အပံ့များ ရမည်ဖြစ်သည့်အတွက် မျိုးဆက်သစ်များကလည်း အနာဂတ် မြန်မာ့တိုင်းရင်းဆေးပညာရပ် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ခေတ်နှင့်အညီ ဆက်လက်၍ ဆောင်ရွက် သွားကြရမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့် ကဏ္ဍစုံ ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းရင်းဆေးဝါးများ မှတ်ပုံတင်ခြင်းနှင့် ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ရင်ပေါင်တန်း လိုက်ပါဆောင်ရွက်နေသည်ကိုတွေ့ရပါကြောင်း၊ ထိုသို့ အာဆီယံနိုင်ငံများနှင့် ပညာရပ်ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ခြင်း၊ ဆေးဝါးများကို အပြန်အလှန် ကူးသန်းရောင်းဝယ်ခြင်း ပြုလုပ်နိုင်ကြရန် တိုင်းရင်းဆေးသမားတော်များနှင့် တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်များက မျက်ခြည်မပြတ် ဆန်းစစ်လေ့လာပြီး ကြိုးပမ်း အားထုတ်ကြရမည်ဖြစ်ပါကြောင်း။

**ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေ**

အလားတူ ဘင်းမ်စတက်၊ မဲခေါင် စသည့်ဒေသတွင်း အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေသည်ကိုတွေ့ရပါကြောင်း၊ ထို့အပြင် ၂၀၂၃ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံတွင် ကျင်းပသည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ (B2B) ညီလာခံ၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများအတွင်း ကိုဗစ်-၁၉ ရောဂါနှင့် ကူးစက်ရောဂါများကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ ကုသခြင်းဆိုင်ရာ ညီလာခံများ၊ တရုတ်နိုင်ငံတွင် ကျင်းပသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုင်းရင်းဆေးနှင့် အနောက်တိုင်း ဆေးပညာများပေါင်းစည်းထားသည့် ကူးစက်ရောဂါများအား ကာကွယ်ခြင်းဆိုင်ရာညီလာခံ၊ တရုတ်-အာဆီယံ ဆေးဝါး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ တရုတ်-အာဆီယံ တိုင်းရင်းဆေးနှင့် ခရီးသွားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာဖိုရမ်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း၏ တိုင်းရင်းဆေးဖိုရမ် စသည့်ဒေသတွင်း နိုင်ငံများနှင့်ပူးပေါင်းပါဝင် ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံတွင် ကျင်းပသည့် (၁၂)ကြိမ်မြောက် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲကို အိန္ဒိယနိုင်ငံမှ အာယုဗ္ဗေဒ ဆေးပညာရှင်လာရောက်ပြီး စာတမ်းဖတ်ကြားခဲ့သည်ကိုလည်း သိရှိရပါကြောင်း။

ကမ္ဘာ့ကျန်းမာရေးနှင့် ဆေးပညာနယ်ပယ်ကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံတကာတွင် ဆေးဖက်ဝင်အပင်များ၏ အစိတ်အပိုင်းများနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် ဆေးဝါးများအသုံးပြုမှုကို ပိုမိုအလေးထားလာသည်ကို တွေ့ရှိရပါကြောင်း၊ နာမကျန်းလူနာများကို ကုသရာတွင်လည်း သဘာဝ အခြေခံကုထုံးများ တိုးမြှင့် အသုံးပြုလာကြပါကြောင်း၊ ဇီဝကမ္မဖြစ်စဉ်များကို ကံ၊ စိတ်၊ ဥတု၊ အာဟာရနှင့် သင့်တင့်မျှတအောင် ထိန်းသိမ်းပြီး ကျန်းမာရေးကို မြှင့်တင်ရန် ကြိုးပမ်း ဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း။

မိမိတို့ ဘိုးဘွားဘီဘင် လက်ထက်ကပင် ကျန်းမာရေးကို မြန်မာ့တိုင်းရင်း ဆေးဝါးများနှင့် ပြုစုစောင့်ရှောက်လာခဲ့သည်မှာ ယနေ့မိမိတို့ခေတ်အထိပင်ဖြစ်ပြီး နောင်လည်း ဆက်လက်တည်ရှိနေဦးမည်မှာ အသေအချာပင်ဖြစ်ပါကြောင်း၊ ကိုဗစ်- ၁၉ ကပ်ရောဂါအတွက် အသုံးပြုနိုင်ရန် မြန်မာ့တိုင်းရင်းဆေး ဝိသမ အဖျားပျောက်ဆေးကို စနစ်တကျ သုတေသန ပြုလုပ်ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများတွင် အသုံးပြုနေပြီဖြစ်ပါကြောင်း။

မြန်မာ့တိုင်းရင်းဆေးပညာကို အမျိုးသားရေး အမွေအနှစ်ဆေးပညာအဖြစ် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး၊ တိုင်းရင်းဆေးနှင့် ပြည်သူလူထုကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ အရည်အချင်းပြည့်ဝသည့် တိုင်းရင်းဆေး လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ အန္တရာယ်ကင်းပြီး အကျိုးအာနိသင်ထက်မြက်သည့် ဆေးဝါးများထုတ်လုပ်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ ကမ္ဘာ့အဆင့်မီအောင် ဆောင်ရွက်နိုင်ရေး၊ ဝါရင့်တိုင်းရင်းဆေးသမားတော်ကြီးများ လက်ရှိသုံးစွဲနေသည့် ကုထုံးများ၊ ဆေးဝါးများကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်း အမွေပေးနိုင်ရေးစသည်ဖြင့် လုပ်ဆောင်ဖွယ်ရာ အများအပြားရှိနေပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။

အဆိုပါလုပ်ငန်းများ ပြီးမြောက်အောင်မြင်အောင် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တိုင်းရင်းဆေးသမားတော်အပေါင်းတို့သည် တိုင်းရင်းဆေးရပ်ဝန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၏ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video ကို ပြသသည်။

**ဂါရဝပြုပေးအပ်**

ထို့နောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်း ဆေးပညာနှီးနှောဖလှယ်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက (၂၂)ကြိမ်မြောက် မြန်မာ့ တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဥက္ကဋ္ဌ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင်များ၊ တိုင်းရင်းဆေးသမားတော်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၊ ကိုယ်စားလှယ်တော်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။

**ကြည့်ရှုအားပေး**

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ခင်းကျင်းပြသထားသည့် တိုင်းရင်းဆေး ကုသခန်းများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုင်းရင်းဆေးခြင်းအား ဂါရဝပြု ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်တွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

## လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဒုတိယနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ လူငယ်နှင့်စာပေအနုပညာပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် MRTV-4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲ သရုပ်ဆောင်များ ဦးဆောင်၍ "လူငယ်နှင့် အကောင်းမြင်စိတ်" ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပ ဆွေးနွေးနေမှုကို တက်ရောက်ကြည့်ရှုအားပေးပြီး ဦးဆောင်ဆွေးနွေးပေးခဲ့ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် MRTV-4 ရုပ်သံလိုင်းမှ အစီအစဉ်တင်ဆက်သူများနှင့် ဇာတ်လမ်းတွဲ သရုပ်ဆောင်များက စာပေလေ့လာဖတ်ရှုခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ၊ စာပေနှင့် အနုပညာကဏ္ဍမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မှုအခြေအနေ၊ လူငယ်ဘဝတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကျော်လွှားနိုင်မည့် နည်းလမ်းများ၊ လူငယ်ဘဝမှ စတင်၍အကောင်းမြင်စိတ်မွေးမြူခြင်းအားဖြင့် အောင်မြင်မှုရရှိစေမည့်အခြေအနေများ၊ တိုင်းပြည်တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်များအနေဖြင့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကြိုးစားအားထုတ်ရမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများနှင့် လူငယ်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် လူငယ်များ ဗဟုသုတရဖွယ် အကြောင်းအရာများနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်ကောင်းများလည်း ပါဝင်သည့်အတွက် ကျောင်းသား၊ လူငယ်များအပြင် စိတ်ဝင်စားသည့် ပြည်သူများဖြင့်လည်း မြိုင်မြိုင်ဆိုင်ဆိုင် စည်ကားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးမှ အနုပညာရှင်များ ဖြစ်ကြသည့် ဒိန်းဒေါင်၊ ငြိမ်းချမ်း၊ အုန်းသီး၊ ချစ်စံ၊ ကျော်ထက်နှင့် အငြိမ့်မင်းသမီး နေခြည်ငြိမ်းချမ်းတို့က ပွဲတော်လာ ပြည်သူများ စိတ်အေးချမ်းပျော်ရွှင်မှု ရှိစေရန်အတွက် "ရွှေမြန်မာ"အငြိမ့်ဖြင့် ဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လူငယ်နှင့် စာပေအနုပညာပွဲတော် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးသည် ပွဲတော်အတွင်း ဝန်ကြီးဌာနအလိုက် စိတ်ဝင်စားဖွယ် ခင်းကျင်းပြသထားသည့် ပြခန်း၊ ပြကွက်များ၊ ကျောင်းသား၊ လူငယ်များ စာပေနှင့်ရင်းနှီးပြီး စာပေ၏အကျိုးကျေးဇူးကို သိရှိနိုင်စေရန် စာအုပ်၊ စာစောင် ခင်းကျင်းပြသထားမှုများ၊ စိတ်ဝင်စားပျော်ရွှင်ဖွယ် စီစဉ်ဆောင်ရွက်ပေးထားသည့် ကစားနည်းများနှင့် ဉာဏ်စမ်းပဟေဠိ ကစားနည်းများတွင် ပွဲတော်လာပြည်သူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြမှုများနှင့် ပွဲတော်လာပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် သုံးဆောင်နိုင်ရန် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

**သတင်းစဉ်**





## မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်တွင် ခင်းကျင်းပြသထားသည့်ပြခန်းများ လိုက်လံကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပလျက်ရှိသည့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်တွင် ဝန်ကြီးဌာန ၁၆ ခုမှ ခင်းကျင်းပြသထားသည့်ပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

လူငယ်နှင့်စာပေအနုပညာပွဲတော်ကို နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့် အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ်အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်သည်။

အဆိုပါ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော်ကို "ပြည်ထောင်စုအကျိုးသယ်ပိုးဖို့ အသိပညာမြှင့်တင်စို့"ဆိုသည့်ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ပွဲတော်တွင် ဝန်ကြီးဌာနများမှ ပြခန်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အနုပညာရှင်များနှင့် ဆွေးနွေးပွဲများ၊ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်များနှင့် စာအုပ်အရောင်းဆိုင်များကို ခင်းကျင်းပြသထားပြီး ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခုလို လူငယ်နှင့် စာပေအနုပညာပွဲတော်တွေကို ကျင်းပပေးပြီး လူငယ်တွေအများကြီး လာရောက်လေ့လာမယ်ဆိုရင် အနာဂတ်မှာ ဖြစ်ချင်တဲ့ရည်ရွယ်ချက်တွေ ပေါ်ပေါက်လာမယ်လို့ ကျွန်တော်ကတော့ မြင်မိပါတယ်

မောင်အောင်ဇော်ထွန်း

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် ယနေ့လူငယ်များ၏ လက်ဝယ်တွင်ရှိသည်။ ယနေ့ မျက်မှောက်ခေတ်လူငယ်များ၏ တွေးခေါ်စွမ်းဆောင်နိုင်စွမ်းများကို အကဲဖြတ်၍လည်း နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို မှန်းဆနိုင်ကြောင်း အဆိုများလည်းရှိသည်။ အသိပညာ အတတ်ပညာ မြင့်မား၍ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် "ပြည်ထောင်စုအကျိုး သယ်ပိုးဖို့ အသိပညာမြှင့်တင်စို့" ဆောင်ပုဒ်ဖြင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)တွင် ကျင်းပလျက်ရှိရာ ယနေ့သည် ဒုတိယနေ့ဖြစ်ပြီး ကဏ္ဍအသီးသီးတွင် ပါဝင်သူများနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည် တင်ပြလိုက်ရပါသည်-

တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ
အလင်းသစ်၊ နေမျိုး


ဦးခင်မောင်ဝင်း


မောင်အောင်ဇော်ထွန်း


ကိုဖုန်းဆက်ပိုင်


မောင်ညီညီဇော်


ဦးဆန်းအောင်

**ဦးခင်မောင်ဝင်း**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်းတာဝန်ခံ**

ဒီပြခန်းမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေနဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်မှာ ပြခန်းငါးခန်းပြသထားပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ ပြခန်းနှစ်ခန်းဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့က တစ်ခန်းနဲ့ သတ္တုရေးရာက နှစ်ခန်းပါဝင်ပြသထားပါတယ်။ ပညာသင်ကြားနေတဲ့ ကလေးငယ်တွေ ဗဟုသုတရအောင် သစ်တောဦးစီးဌာနပြခန်းအနေနဲ့ မြန်မာ့သစ်တောတွေ ရေရှည်ထာဝစဉ်တည်တံ့စေရေးနဲ့ သစ်တောပြုစု ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်မှု၊ သစ်တောတွေ ပျက်စီးရခြင်းအကြောင်းရင်းနဲ့ သစ်တောဦးစီးဌာနက တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းစဉ်တွေကို ပြသထားတာဖြစ်ပါတယ်။ အရေးကြီးတဲ့ ဇီဝမျိုးစုံမျိုးကွဲတွေနဲ့ မြန်မာ့တောရိုင်းတိရစ္ဆာန်၊ ဒေသရင်းတောရိုင်းတိရစ္ဆာန်တွေရဲ့ သဘောသဘာဝနဲ့ ထိန်းသိမ်းကာကွယ်ရေးအချက်အလက်များကို ပြသထားပါတယ်။ လူငယ်တွေအနေနဲ့ ကျွန်တော်တို့ပြခန်းကို ဝင်ရောက်လေ့လာခြင်းအားဖြင့် သစ်ပင်သစ်တောကို ချစ်ခင်မြတ်နိုးတဲ့စိတ်၊ မြန်မာ့သစ်တောတွေကို ရေရှည် ထာဝစဉ်တည်တံ့အောင် အနာဂတ် မျိုးဆက်တွေအနေနဲ့ သစ်ပင်သစ်တောကို ချစ်ခင်တဲ့စိတ်မျိုး ရရှိသွားနိုင်မယ်လို့ ယူဆပါတယ်။ ဒ့ါပြင် နိုင်ငံရဲ့ စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုတဲ့ သစ်မျိုးစိတ်တွေကိုလည်း ပြသထားတဲ့အတွက် နိုင်ငံအတွက် အကျိုးရှိစေမယ့် လုပ်ငန်းတွေကို လုပ်ဆောင်မယ်ဆိုတဲ့ ခံယူချက်တွေလည်း ရှိသွားမယ်လို့ ယုံကြည်ပါတယ်။

**မောင်အောင်ဇော်ထွန်း**
**တောင်ငူပညာရေး ဒီဂရီကောလိပ်**

အခုကျင်းပနေတဲ့ လူငယ်နှင့် စာပေအနုပညာပွဲတော်ကို အားကစားသရုပ်ပြအနေနဲ့ လာရတာဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဘဝနဲ့ပတ်သက်တဲ့ သုတရသစာပေတွေကို စိတ်ဝင်စားတာဖြစ်တဲ့အတွက် ဒီနေ့မှာ စာအုပ် အရောင်းဆိုင်ကနေ ဒီနေ့အတွက် ရှင်သန်ခြင်းဆိုတဲ့ စာအုပ်တော့ ဝယ်ဖြစ်ခဲ့ပါတယ်။ ပညာအရည်အချင်းနဲ့ အသက်အရွယ်တူညီရင်တောင် စာဖတ်တာနဲ့ မဖတ်တာအများကြီးကွာခြားပါတယ်။ လူငယ်ချင်းတူပေမယ့် စာဖတ်တဲ့ လူငယ်က ရှေ့ကို ကြိုမြင်နိုင်တယ်။ စာများများ ဖတ်စေချင်ပါတယ်။ ကိုယ်တိုင်ဖတ်ဖို့ အဆင်မပြေဘူးဆိုရင်တောင် ကျောင်းစာကြည့်တိုက်ကို သူငယ်ချင်းတွေနဲ့ လိုက်သွားပါ။ အဲဒီအခါ ကိုယ်လိုချင်တဲ့ စာအုပ်တွေ့ရင် ဖတ်မိသွားမှာဖြစ်ပါတယ်။ စာဖတ်လို့ရှိရင် အတွေးအမြင်သစ်တွေလည်း တိုးပွားပါတယ်။ ရင့်ကျက်တည်ငြိမ်ပြီး ရှေ့ရေးကိုလည်း မြော်မြင်တတ်လာမှာဖြစ်တာမို့ စာဖတ်ဖို့ကိုတော့ အကြံပြုချင်ပါတယ်။ စာဖတ်တာကလည်း အွန်လိုင်းမှာဖတ်တာနဲ့ စာအုပ်နဲ့ ဖတ်တာနဲ့ မတူပါဘူး။ တချို့က အွန်လိုင်းတက်ပြီးဆိုတာနဲ့ စာဖတ်ချင်လို့ တက်ကျတာနည်းပါတယ်။ စာအုပ်ကျတော့ အဓိကပိုအရေးပါတယ်လို့ ထင်ပါတယ်။ တိတ်ဆိတ်တဲ့ နေရာမှာ ဖတ်မယ်ဆိုရင် ပိုပြီးထိရောက်ပါတယ်။ အခုလို လူငယ်နှင့် စာပေအနုပညာပွဲတော်တွေကို ကျင်းပပေးပြီး လူငယ်တွေအများကြီး လာရောက် လေ့လာမယ်ဆိုရင် အနာဂတ်မှာ ဖြစ်ချင်တဲ့ရည်ရွယ်ချက်တွေ ပေါ်ပေါက်လာမယ်လို့ ကျွန်တော်ကတော့ မြင်မိပါတယ်။

**ကိုဖုန်းဆက်ပိုင်**
**ဒုတိယလေယာဉ်မှူးကြီး၊ မြန်မာအမျိုးသား လေကြောင်းလိုင်း**

မြန်မာအမျိုးသားလေကြောင်းလိုင်းမှာ တာဝန်ထမ်းဆောင်တာ ပုသိမ်မှာဖွင့်တဲ့ မြန်မာနိုင်ငံရဲ့ ပထမဆုံး လေယာဉ်မောင်းသင်တန်းကျောင်းဖြစ်ပါတယ်။ မြို့ပြ လေယာဉ်မှူးသင်တန်းကို အရင်တက်ခဲ့ပါတယ်။ ပထမဆုံး PPL လို့ခေါ်တဲ့ Private Pilot Licence ကနေတစ်ဆင့်တက်ပြီး CPL လို့ခေါ်တဲ့ Commercial pilot licence တွေကို အဆင့်ဆင့် အောင်မြင်အောင် ကြိုးစားခဲ့ရပါတယ်။ ပြီးရင် မြေပြင်စာမေးပွဲတွေ၊ လေယာဉ်မောင်းနှင်ပျံသန်းစစ်ဆေးမှုတွေကို အကြိမ်ကြိမ်လုပ်ခဲ့ပြီး နာရီ ၂၀၀ ကျော်တဲ့အခါမှာ မြန်မာအမျိုးသားလေကြောင်းလိုင်းကို အလုပ်လျှောက်ခဲ့ပြီး ရွေးချယ်ခြင်းခံခဲ့ရတဲ့အတွက် တာဝန်ထမ်းဆောင်နေတာဖြစ်ပါတယ်။ လေကြောင်းဆိုင်ရာပြခန်းတွေကို ပြတဲ့အခါကျရင် လူငယ်တွေအနေနဲ့ နိုင်ငံတကာနဲ့ ခေတ်မီတဲ့လေယာဉ်ကြီးတွေဟာ အခြားနိုင်ငံတွေမှာတင်ရှိတာ မဟုတ်ဘဲ မိမိတို့နိုင်ငံမှာလည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းလို့ရတဲ့ ခေတ်မီတဲ့လေယာဉ်ငယ်တွေ၊ လေယာဉ်ကြီးတွေ အများကြီးရှိပြီး နိုင်ငံတကာထက်အောက်မကျဘူးဆိုတာ သိစေချင်ပါတယ်။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းရုံမက တချို့နေရာတွေမှာဆိုရင် နိုင်ငံတကာထက် သာလွန်နေတာကိုပါ သိစေချင်ပါတယ်။ နိုင်ငံအတွက်လည်း ဂုဏ်ယူစေချင်ပါတယ်။

**မောင်ညီညီဇော်**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်**

လူငယ်နှင့် စာပေအနုပညာပွဲတော်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ကျွန်တော်ကတော့ အနုပညာအတွက် သရုပ်ပြဖျော်ဖြေပေးခြင်းပဲဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ မြန်မာ့ရိုးရာရုပ်သေးအကတွေကို တည်တံ့ရာကနေ ဆက်လက် ပြန့်ပွားအောင်၊ လူငယ်တွေ ပိုပြီးသိအောင်ဆိုပြီး လာရောက်ပြီး သရုပ်ပြဖျော်ဖြေပေးတာဖြစ်ပါတယ်။ အဓိကကတော့ ကြိုးဆွဲရုပ်သေးဟာ ကမ္ဘာပေါ်မှာရှိတာ ရုပ်သေးလေးမျိုးရှိတယ်။ ဒီအထဲကမှ မြန်မာ့ကြိုးဆွဲရုပ်သေးကို အခြားနိုင်ငံတွေမှာ သွားရောက်ဖျော်ဖြေတဲ့အခါ စိတ်ဝင်စားခြင်း အများဆုံးခံရတဲ့အနုပညာရုပ်လည်း ဖြစ်ပါတယ်။ အခြားနိုင်ငံတွေနဲ့ မတူတာကတော့ လူပုံသဏ္ဍာန်သရုပ်တူကပြနိုင်တာ ဖြစ်ပါတယ်။ ဒါကြောင့် တန်ဖိုးမြင့်မားတဲ့ မြန်မာ့ရုပ်သေးကို ဆက်လက်ပြန့်ပွားအောင် လူငယ်တွေ သိစေချင်တဲ့ရည်ရွယ်ချက်နဲ့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းမြတ်နိုးတတ်လာအောင် ကျွန်တော်တို့ရဲ့ဌာနက အခုလူငယ်နှင့် စာပေအနုပညာပွဲတော်မှာ မြန်မာ့ကြိုးဆွဲရုပ်သေးရုပ်တွေနဲ့ ဖျော်ဖြေတင်ဆက်တာလည်း ဖြစ်ပါတယ်။

**ဦးဆန်းအောင်**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြခန်းတာဝန်ခံ**

ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနပြခန်းမှာ ပြခန်းတာဝန်ခံအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကနေ့စတင်ကျင်းပနေပြီဖြစ်တဲ့ လူငယ်နှင့် စာပေ အနုပညာပွဲတော်မှာ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ပြခန်းကတော့ နိုင်ငံသားဆိုင်ရာ ဆောင်ရွက်ပေးတဲ့ လုပ်ငန်းစဉ်တွေကို ပြည်သူတွေသိရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိအချိန်မှာ One Stop Service နဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ မြေမြို၍လူမျိုးမပြုတ်၊ လူမျိုး၍ လူမျိုးပြုတ်မည် ဆိုတဲ့အတိုင်း နိုင်ငံသားစိစစ်တဲ့အခါမှာ တိုင်းရင်းသားနဲ့ဥပဒေအရ နိုင်ငံသားဆိုပြီးနှစ်မျိုးရှိတဲ့အခါမှာ တိုင်းရင်းသား မဟုတ်သူတွေ ရောက်ရှိနေထိုင်ပြီး ကျွန်တော်တို့နိုင်ငံသားတွေနဲ့ ထိမ်းမြားလက်ထပ်ပြီး လာရောက် နေထိုင်းသူတွေကိုတော့ ဥပဒေအရနိုင်ငံသားလို့ ခေါ်ပါတယ်။ အဲဒီအရာတွေကို ပြည်သူတွေအနေနဲ့ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ဆီက တာဝန်ရှိတဲ့ဝန်ထမ်းတွေနဲ့ ဥပဒေအရဆောင်ရွက်တဲ့ အနေအထားတွေကို သိရှိအောင် ပြခန်းမှာ ရှင်းလင်း ပြသပေးထားတာဖြစ်ပါတယ်။ ပြခန်းကိုလာရောက်ကြည့်ရှုတဲ့ ပြည်သူတွေရော လူငယ်တွေရော ကျွန်တော်တို့ နိုင်ငံ သားတွေရဲ့ နိုင်ငံသားဥပဒေတွေကို လေ့သိရှိမှာဖြစ်သလို သိလိုတဲ့ အချက်အလက်တွေကိုလည်း မေးမြန်းဆွေးနွေးနိုင်မှာဖြစ်ပါတယ်။ ဒီပြခန်းမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ချိန်မှစပြီး နိုင်ငံတော်အနေနဲ့ နိုင်ငံသားဆိုင်ရာဥပဒေတွေကို အဆင့်ဆင့် ဆောင်ရွက်တဲ့နေရာမှာ နောက်ဆုံး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေအထိ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ ဥပဒေတွေကို ခင်းကျင်းပြသထားပါတယ်။ ခင်းကျင်း ပြသထားတဲ့အရာတွေကိုလည်း တာဝန်ရှိသူတွေက လာရောက်သူတွေကို ကျွန်တော်တို့ဌာနနဲ့ပတ်သက်ပြီး သိလိုတဲ့ အချက်တွေကို မေးမြန်းရင် အလုံးစုံရှင်းပြပေးလျက်ရှိပါတယ်။ အခုလို ပြခန်းမှာ လာရောက်ကြည့်ရှုလေ့လာသူတွေ အတွက်လည်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်တွေလည်း ရှိလာမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံသားဆိုင်ရာ ပြခန်းကို ကြည့်ရှုခြင်းအားဖြင့် မွေးရာပါ နိုင်ငံသားဆိုတဲ့ တိုင်းရင်းသားကြီး ရှစ်မျိုးက ပေါက်ဖွားလာတဲ့ နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ နိုင်ငံသားပေါင်း ၁၃၅ မျိုးကနေ မျိုးဆက်မပြတ် ဖြစ်တည်လာတဲ့ နိုင်ငံသားတွေဆိုရင် မွေးရာပါ နိုင်ငံသားဆိုပြီး ဆောင်ရွက်ပေးတာကို တွေ့ရှိရမှာဖြစ်သလို ကိုယ့်လူမျိုးကို တန်ဖိုးထား ချစ်မြတ်နိုးတဲ့ စိတ်ဓာတ်တွေလည်း ဖြစ်ပေါ်လာနိုင်မှာ ဖြစ်ပါတယ်။

လူငယ်တို့တွင် တက်ကြွသော အားမာန်ရှိသည်။ သုတ၊ ရသ စာပေတို့နှင့် မပြတ်လေ့လာ ကျွမ်းဝင်သော လူငယ်တို့သည် မလိုလားအပ်သော စွန့်စားမှုများကို ရှောင်ကြဉ်၍ ကောင်းကျိုးဖြစ်စေသောအရာများကိုသာ လုံ့လပြုကြိုးပမ်းလျက်ရှိကြမည်ဖြစ်သောကြောင့် နိုင်ငံ့သားကောင်း လူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ကျင်းပသော လူငယ်နှင့် စာပေ အနုပညာပွဲတော်တွင် ကဏ္ဍစုံမှ ပါဝင်သူများ၏ စကားသံများကို တင်ပြအပ်ပါကြောင်း။

သင့်ကျန်းမာရေးအတွက် နေ့စဉ် နံနက်စောစော လမ်းလျှောက်ပေးပါ






# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ ကျောင်းသားလူငယ်များနှင့် ပြည်သူ ၁၀၀၀၀ ကျော် တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပွဲတော် ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိရာ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား၊ လူငယ်များနှင့် ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လှည့်လည်ကြည့်ရှုကြသည်။

**စိတ်ဝင်တစား ကြည့်ရှု**

ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ လျှပ်စစ်သုံးယာဉ် စစ်ဆေးပြုပြင်ခြင်းနှင့် သင်ထောက်ကူပစ္စည်းဆိုင်ရာပြခန်း၌ ပြင်ပမော်တော်ယာဉ်တစ်စီးအား လက်တွေ့ပြုပြင်ဆောင်ရွက်နေရသကဲ့သို့ Quiz များ၊ Simulator များဖြင့် ပြသသင်ကြားပို့ချနေမှုပြကွက်ကို ကျောင်းသား၊ လူငယ်များ အထူးစိတ်ဝင်တစား ကြည့်ရှုကြပြီး ပြခန်း တာဝန်ရှိသူများကလည်း လျှပ်စစ်သုံးယာဉ်ဆိုင်ရာ ပြစ်ချက်ရှာဖွေခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားပေးကြသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံအတွင်း နေထိုင်သူ အသက် ၁၀ နှစ်အထက်ရှိ နိုင်ငံသားများအား စမတ်ကတ်များ ထုတ်ပေးနိုင်ရေးအတွက် ကိုယ်ရေး အချက်အလက်များ ကောက်ယူစိစစ်ပြီး ဂဏန်း ၁၀ လုံး ပါဝင်သည့် UID နံပါတ်များ တစ်ချိန်တည်း ထုတ်ပေးခြင်းများကို ပြခန်းဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာ လာရောက်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများ ဖြင့်လည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ယနေ့ခေတ်သည် အင်တာနက်ကိုအသုံးပြု၍ ကမ္ဘာတစ်ဝန်း ချိတ်ဆက်ဆောင်ရွက်နေရသည့် နည်းပညာခေတ်သို့ ရောက်ရှိနေပြီ ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မိမိတို့၏ သတင်းအချက်အလက်များ လုံခြုံစေရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အသိပညာပေးပြခန်းကို ဖွင့်လှစ်ထားရှိပြီး အင်တာနက်သုံးစွဲရာတွင် လိုက်နာရမည့် ကျင့်ဝတ်များ၊ စမတ်ဖုန်းလုံခြုံရေးနှင့် ကြိုးမဲ့ကွန်ရက်လုံခြုံရေးဆိုင်ရာပြကွက်များကို လက်တွေ့သင်ထောက်ကူ ပစ္စည်းများဖြင့် ရှင်းလင်းပြသပေးရာ နည်းပညာကို စိတ်ဝင်စားကြသည့် ကျောင်းသား၊ လူငယ်များကလည်း မိမိတို့သိရှိလိုသည်များကို ကဏ္ဍများအလိုက် အလှည့်ကျမေးမြန်းကြသည်။



**ပြည်သူများဖြင့် စည်ကား**

ထို့နောက် ရေကြောင်း၊ လေကြောင်းနှင့် မြန်မာ့မီးရထားဆိုင်ရာပြခန်း၊ ရွှေ့လျားသိပ္ပံနှင့် နည်းပညာပြခန်း၊ နည်းပညာတက္ကသိုလ်များ၏ ကဏ္ဍအလိုက် ဆန်းသစ်တီထွင်မှု ပြခန်း၊ အားကစားနှင့်လူငယ်ရေးရာပြခန်းနှင့် E-Sports ပြခန်းတို့တွင်လည်း စိတ်ဝင်စားဖွယ်ရာ ပြကွင်းပြကွက်များဖြင့် ခင်းကျင်းပြသထားရှိရာ လာရောက်လေ့လာကြည့်ရှုကြသည့် ပွဲတော်လာပြည်သူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)ပြခန်းတွင်လည်း မြန်မာ့ရိုးရာရုပ်သေးရုပ်အသုံးပြုကာ လှပငြိမ့်ညောင်းလှသည့် ကကြိုးကကွက်များဖြင့် ရုပ်သေးကြိုးဆွဲအကဖျော်ဖြေမှုနှင့် ကျွမ်းကျင်သေသပ်လှပသည့် ပန်းချီပညာရပ်ဖြင့် ပုံတူပန်းချီများ ရေးဆွဲပေးမှုကြောင့်လည်း ပွဲတော်လာပြည်သူများ၏ စိတ်ဝင်စားမှုကို အထူးရရှိခဲ့သည်။



အလားတူ စာအုပ်စာပေများဖတ်ရှု၍ အသိပညာ၊ အတတ်ပညာဗဟုသုတများ ရယူရန် စိတ်အား ထက်သန်ကြသည့် ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များအတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြဝတီစာပေတိုက်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသက်သာ စာအုပ်အရောင်းဆိုင်တို့မှ စာအုပ်အရောင်းဆိုင်များ ဖွင့်လှစ်ထားပြီး စာပေဆုရစာအုပ်များ၊ ရသစာအုပ်များ၊ ဘဝအောင်မြင်ရေး စာအုပ်များ၊ ကျန်းမာရေးကဏ္ဍစာအုပ်များ၊ ပညာရပ်ဆိုင်ရာ စာအုပ်များ၊ ဘာသာပြန်စာအုပ်များ၊ အနုပညာစာအုပ်များ၊ ဆောင်းပါးများ၊ ရုပ်ပြစာအုပ်များ၊ စီးပွားရေးစီမံခန့်ခွဲမှု စာအုပ်များနှင့် သမိုင်းစာအုပ်များ ခင်းကျင်းပြသရောင်းချလျက်ရှိရာ စာပေဗဟုသုတများနှင့် စာပေအသိဉာဏ်များစွာ ရရှိစေသည့်အတွက် စာပေချစ်သူများဖြင့် စည်ကားလျက်ရှိသည်။

**ခင်းကျင်းပြသ**

ပွဲတော်အတွင်း၌လည်း (၇၆) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြပွဲနှင့် ၂၀ ရာစု မြန်မာစာရေးဆရာ ဆရာမကြီးတို့၏ ဓာတ်ပုံများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ တန်ခိုးကြီးဘုရားစေတီများ၊ သဘာဝအလှရှုခင်းများ၊ ရိုးရာဓလေ့ပွဲတော်များနှင့် အထင်ကရနေရာများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားရှိရာ ဓာတ်ပုံအနုပညာကို ချစ်မြတ်နိုးကြသည့် ပညာရှင်များနှင့် ဝါသနာရှင်များကလည်း စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာကြသည်။

ထိုသို့ အသိပညာဗဟုသုတရရှိစေမည့် အစီအစဉ်ကောင်းများအပြင် စိတ်ပျော်ရွှင်ချမ်းမြေ့စေမည့် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ဝန်ထမ်းများနှင့် နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများကြောင့်လည်း ပြပွဲကြီးကို ပိုမိုအသက်ဝင်စေခဲ့ကာ ပြပွဲလာရောက်ကြသူများက စိတ်အားထက်သန်စွာ ကြည့်ရှုအားပေးကြသည်။

ထို့ပြင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ စိတ်ဝင်စားဖွယ်အစီအစဉ်တစ်ခုအဖြစ် ပြည်သူများ တီဗွီဖန်သားပြင်မှသာ တွေ့မြင်နိုင်သည့် သတင်းစတူဒီယိုအတွင်း သတင်းကြေညာသည့် ပုံစံများကို ပြပွဲသို့ လာရောက်လေ့လာကြသူများ

**စာမျက်နှာ ၉ သို့** ❍

**ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက်ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး၊ အဲဒီလိုတူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့ မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။**

[ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလပြည်လုံးကျွတ် ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]



ဂေါ်ရင်ဂျီကျွန်းသဘာဝအလှ ဓာတ်ပုံ-ဦးချမ်းသာ



❍ စာမျက်နှာ ၈ မှ

ကိုယ်တိုင်ဝင်ရောက် သတင်းကြေညာဟန် သရုပ်ဆောင်နိုင်ပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားသည့်အတွက် လူကြိုက်များသည့် ပြခန်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ထို့ပြင် နေပြည်တော်ရဲတပ်ဖွဲ့မှ မှုခင်းပညာပေး ပြခန်းယာဉ်ကို အသိပညာပေးပြသထားပြီး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းဖော်ထုတ်နိုင်မှုများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းနှင့် စွမ်းရည်တိုးတက်မြင့်မားရေးဆောင်ရွက်မှုများ၊ ယာဉ်ထိန်းလုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ကာတွန်းပုံများ၊ လောင်းကစားပြစ်မှုပြစ်ဒဏ်များ၊ သိသင့်သိထိုက်သော ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများနှင့် လူငယ်များ စိတ်ပါဝင်စားစွာဖြင့် လေ့လာကြသည်။

ထို့ပြင် လူငယ်နှင့်စာပေ အနုပညာပွဲတော်သို့ လာရောက်ကြသည့် ကလေးများအတွက် စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်တည်ဆောက်မှုပြိုင်ပွဲများ၊ စုပေါင်းယှဉ်ပြိုင်ရသည့် ဂိမ်းကစားနည်း ပြိုင်ပွဲများနှင့် ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပပေးလျက်ရှိသည်။

**ဖွင့်လှစ်ရောင်းချပေး**

ပွဲတော်သို့ လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများအနေဖြင့် စိတ်ဝင်စားဖွယ်ရာ ပြသထားသည့် အစီအစဉ်များကို လှည့်လည်ကြည့်ရှုလေ့လာရင်း တိုင်းရင်းသားများ၏ ရိုးရာ အစားအသောက်များအား ချစ်ခင်နှစ်သက် မြတ်နိုးစွာဖြင့် အလွယ်တကူ စားသုံးနိုင်ရန် အတွက်လည်း တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များကို ဈေးနှုန်းချိုသာစွာဖြင့် ဖွင့်လှစ်ရောင်းချပေးခဲ့ရာ အစားအသောက်များ ပြတ်လပ်သည်အထိ လာရောက် စားသုံး ဝယ်ယူသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

**စနစ်တကျ ဆောင်ရွက်**

ထို့ပြင် ပွဲတော်သို့လာရောက်ကြသူများ တစ်စုံတစ်ရာကျန်းမာရေး ချို့ယွင်းမှုဖြစ်ပေါ်ပါက အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များနှင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရေးအတွက်လည်း လုံခြုံရေးအစီအမံများကို စနစ်တကျ ဆောင်ရွက်ထားသည်။

ယနေ့ကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပွဲတော် ဒုတိယနေ့သို့ ကျောင်းသား ကျောင်းသူများအပါအဝင် ပြည်သူ ၁၀၀၀၀ ကျော် စိတ်ပါဝင်စားစွာဖြင့် လာရောက် ပါဝင်ဆင်နွှဲခဲ့ကြပြီး စာအုပ်စာစောင်အရောင်းဆိုင်များတွင် ငွေကျပ် ၂၇ သိန်းကျော်နှင့် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များတွင်လည်း ငွေကျပ်သိန်း ၁၄၀ ကျော် ရောင်းချခဲ့ရကြောင်းနှင့် ဒီဇင်ဘာ ၂၂ ရက်တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပပေးသွားမည်ဖြစ်သည့်အတွက် မည်သူမဆို အခမဲ့လာရောက် လေ့လာနိုင်ကြောင်း သိရသည်။

လူငယ်နှင့်စာပေ အနုပညာပွဲတော်ကို နိုင်ငံသားတိုင်းက အထွတ်အမြတ်ထားရသည့် လွတ်လပ်ရေးနေ့နှင့် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို သိရှိစေရန်၊ လူငယ်များအတွင်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေရန်၊ စာပေနှင့် အနုပညာစွမ်းအားဖြင့် အသိပညာဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ် အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

**သတင်း-သန်းမင်းအောင်၊ အောင်ရဲသွင်**
**ဓာတ်ပုံ-ကိုကြီးထိန်၊ ဖိုးပြည့်စုံ**



## စာပေအနု လူငယ်ထု စုတုပျိုးထောင် တိုင်းကျိုးဆောင်

✤ နုနယ်ပျိုမျစ် အရွယ်ဖြစ်၍
နှစ်လိုဖွယ်ပေါင်း စုံခညောင်းသည့်
ဆောင်းလိုလည်းအေး နှင်းလိုမွှေးသော
တွေးရင့်မခိုင် ပြည့်သည်းဆိုင်ဟု
နိုင်ငံတစ်လွှား လူငယ်များကို
သားလှဇာနည် ပျိုးထောင်ရည်ကာ
စည်ကာစုပျော်စာပေအနုပညာပွဲတော်။

✤ စာပေတွင်ရှိ လိမ္မာသိကို
ထိမိဆွဲကိုင် ငယ်ကပိုင်သော်
နိုင်ငံ့ရေးရာ အဖြာဖြာ၌
ကာလဒေသ ပယောဂအား
ဆချင့်ချိန်တွက် ဉာဏ်ရွှေခွက်ဖြင့်
သွက်သွက်ကယ်နှင် ဘက်စုံမြင်မည်
သင်ငယ်ထုပျော်စာပေအနုပညာပွဲတော်။

✤ အနုပညာ ဟူသည်မှာကား
ပါဝါအပျော့ အမည်လျှော့လည်း
သော့သို့ဖွင့်ထုံး လူ့ရှင်ပြုံး၍
မုန်းကိုရှောင်ဝေး မေတ္တာဆေးမို့
ဖေးမအဆောင် ဤလူ့ဘောင်တွင်
နောင်ရှည်မျိုးဆက် မှုမပျက်အောင်
သက်ငယ်နုပျော်စာပေအနုပညာပွဲတော်။

✤ လွတ်လပ်နိုင်ငံ လူငယ်စံဖြင့်
စီမံရွက်နော် သည်ပွဲတော်ဝယ်
ပျော်စွာဆင်နွှဲ သားတို့ဇွဲသည်
ပွဲပြီးမီးသေ မဖြစ်လေဘဲ
စေတနာစစ် တိုင်းကိုရစ်လျက်
သစ်လွင်သာယာ ပြည်မြန်မာကို
ထာဝစဉ်ဆောက်စွမ်းရာ ရောက်ပါစေသတည်း။

ညိုဝင်း(ချစ်မြေ)

(လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဂုဏ်ပြုလျက်)

# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဒုတိယနေ့မြင်ကွင်း



နေပြည်တော် ဒီဇင်ဘာ ၂၁

(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယနေ့(ဒုတိယနေ့)တွင် ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲမှုများကို ဖော်ပြအပ်ပါသည်–














# (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပွဲတော် ဒုတိယနေ့ မြင်ကွင်း



















# ညီလာခံတွေကတစ်ဆင့် တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူဖြစ်စေသလို ဒေသအသီးသီးက ရိုးရာတိုင်းရင်းဆေးပညာတွေကို နှီးနှောဖလှယ်ခွင့်ရတဲ့ပွဲလို့လဲပြောလို့ရပါတယ်

ဒေါက်တာစုစုဒွေး

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက နေပြည်တော် MICC-2 တွင်ကျင်းပရာ အခမ်းအနားတက်ရောက်လာသူများ၏စကားသံများကို ဖော်ပြလိုက်ပါသည်-

**ဒေါက်တာစုစုဒွေး**
**ညွှန်ကြားရေးမှူးချုပ်**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

နှစ်စဉ် ညီလာခံတွေ ကျင်းပတယ်။ အဆိုတင်သွင်းတာတွေ၊ ထောက်ခံဆွေးနွေးနှီးနှောဖလှယ်တာတွေ လုပ်ကြတယ်။ ဒီကနေရရှိလာတဲ့ အကျိုးရလဒ်တွေအနေနဲ့တော့ ချက်ချင်းအကောင်အထည်ဖော်လို့ရတာတွေရှိသလို ရေရှည်ဆောင်ရွက်ရတာတွေလဲရှိပါတယ်။ ညီလာခံတွေကတစ်ဆင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အကူဖြစ်စေသလို ဒေသအသီးသီးက ရိုးရာတိုင်းရင်းဆေးပညာတွေကို နှီးနှောဖလှယ်ခွင့်ရတဲ့ပွဲလို့လဲ ပြောလို့ရပါတယ်။ ဝိသမအဖျားပျောက်ဆေးဆိုတာကတော့ ကိုဗစ်ကာလမှာ နိုင်ငံတော်အကြီးအကဲက ကိုဗစ်ရောဂါကို တိုင်းရင်းဆေးနဲ့ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်အောင် ဆောင်ရွက်ဖို့လမ်းညွှန်မှုအရ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအဖွဲ့၊ တိုင်းရင်းဆေးတက္ကသိုလ် စတဲ့အဖွဲ့အစည်းတွေ၊ တိုင်းရင်းဆေးပညာရှင်ကြီးတွေပူးပေါင်းဆောင်ရွက်ခဲ့ကြလို့ သုတေသနရလဒ်တွေ နဲ့အတူ ကိုဗစ်ကာကွယ်ဆေး အနေနဲ့ ဝိသမ အဖျားပျောက်ဆေးကို ဖော်ထုတ်နိုင်ခဲ့တာဖြစ်ပါတယ်။


ဒေါက်တာစုစုဒွေး

တယ်။ လက်ရှိအနေနဲ့ တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံအတွင်းမှာရှိတဲ့ တိုင်းရင်းဆေးဆရာတွေကို ကုသခွင့်လိုင်စင်တွေ ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ တိုင်းရင်းဆေးဆရာ သက်တမ်းတိုးခြင်း လုပ်ငန်းတွေကိုလည်း ပုံမှန်ဆောင်ရွက်ပေးနေပါတယ်။

**ဦးစိုးဝင်း**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနဲ့ မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲမှာ ကျွန်တော်တို့ အသင်းသူအသင်းသားများ စုံစုံညီညီ တက်ရောက်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ဒီညီလာခံကနေပြီးတော့ နောက်နှစ်နောက်နှစ်တွေမှာလည်း တိုင်းရင်းဆေးနဲ့


ဦးမြင့်ဦး

တွေအပြင် Ph.D အထိ ပေးနိုင်အောင် ဆောင်ရွက်နေပါတယ်။ တက္ကသိုလ်ကနေ ကျောင်းပြီးသွားတာနဲ့ မိမိရဲ့ ကိုယ်ပိုင်တိုင်းရင်းဆေးခန်း/ဆေးရုံ ဖွင့်လှစ်ကုသနိုင်ခြင်း၊ မိမိရဲ့ကိုယ်ပိုင်တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ခြင်း၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများတွင် ကြီးကြပ်သူအဖြစ် (သို့မဟုတ်) အရည်အသွေးစစ်ဆေးသူ သုတေသီအဖြစ် ဆောင်ရွက်နိုင်ခြင်း၊ တိုင်းရင်းဆေး တက္ကသိုလ်တွင် သင်ကြားရေး ဆရာ ဆရာမအဖြစ် ဆောင်ရွက်နိုင်ခြင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ကုသရေး တိုင်းရင်းဆေးရုံ/ ဆေးခန်းများတွင် ကုသရေး ဆရာ ဆရာမအဖြစ်၊ သုတေသန/ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ သုတေသီအဖြစ်


ဦးစိုးဝင်း

က တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ အဖွဲ့အစည်းတွေ၊ တက္ကသိုလ်တွေနဲ့ပူးပေါင်းဆောင်ရွက်မှသာလျှင် နိုင်ငံတကာအဆင့်မီ သွားနိုင်မှာဖြစ်ကြောင်း အဆိုတင်သွင်းဆွေးနွေးသွားတာဖြစ်ပါတယ်။ ဒုတိယအဆိုကတော့ တိုင်းရင်းဆေးပညာဦးစီးဌာနကနေ ပြည်သူတွေကို အခမဲ့တိုင်းရင်းဆေးဖြင့် ကုသမှုပေးနိုင်ဖို့ တိုင်းရင်းဆေးခန်းသုံးဆေးဝါးတွေ ထုတ်လုပ်တာရှိပါတယ်။ ဆေးဝါးအမျိုးပေါင်း ၈၀ ကျော်ရှိပါတယ်။ အဲဒီထဲကမှ ၂၉ မျိုးကို သုံးပါတယ်။ ဒီဆေးတွေကို ထပ်မံ သုတေသနပြုပြီးတော့ ဒီထက် ကျစ်ကျစ်လျစ်လျစ်နဲ့ ဆေးတွေကို ထပ်မံပေါင်းစပ်ပြီးတော့ ရောဂါတွေကို ထိထိရောက်ရောက်ကုသနိုင်ဖို့ တင်သွင်းဆွေးနွေးသွားတာ ဖြစ်ပါတယ်။


ဦးသိန်းဇော်လင်း

ဆိုလည်း ပင်စင်ယူပြီးသွားပေမယ့် တိုင်းရင်းဆေး ဖွံ့ဖြိုးဖို့အတွက် တိုင်းရင်းဆေး တက္ကသိုလ်မှာ ဂုဏ်ထူးဆောင်ပါမောက္ခအနေနဲ့ ဆောင်ရွက်နေပါတယ်။ တိုင်းရင်းဆေးတက္ကသိုလ်မှာလည်း တိုင်းရင်းဆေးဖွံ့ဖြိုးဖို့အတွက် သုတေသနဆိုလည်း သုတေသနအလျောက်၊ ပရဆေးဥယျာဉ်ဆိုလည်း ပရဆေးဥယျာဉ်အလျောက် တော်တော်တိုးတက်နေတာတွေ့ရပါတယ်။

**ဒေါ်ဇာနည်စိုး**
**ဒုတိယဆေးရုံအုပ်၊ (၁၆) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ (ပုသိမ်)**

ဒီမနက်ပိုင်းညီလာခံမှာ “ဘေးဥပဒ်အန္တရာယ် ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် ပိုမိုကောင်းမွန်သော ဦးစီးဌာနသုံး တိုင်းရင်းဆေးဝါးများပေါ်ထွက်လာစေရေးအတွက်


ဦးမြင့်လွင်

လုပ်ငန်းတွေ ဝိုင်းဝန်းဆောင်ရွက်နိုင်ဖို့ အဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။

**ဦးမောင်မောင်ဦး**
**ဂရိတ်ဝေါ်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ကျွန်တော်ကတော့ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါး ထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှာ ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်နေပါတယ်။ မြန်မာ့တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ ပြည်သူလူထုကို တိုင်းရင်းဆေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ဖို့အတွက် ဒီလိုညီလာခံတွေဟာ အများကြီးလိုအပ်ပါတယ်။ ဒါကြောင့်မို့ ဒီလိုညီလာခံတွေ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့အနေနဲ့တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေရ


ဦးဝထွန်း

တိုင်းရင်းဆေးခန်းတွေမှာ ဆေးခန်းသုံးပစ္စည်းအနေနဲ့ အသုံးပြုနေပါပြီ။

**ဦးမြင့်ဦး**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ**

ယခုညီလာခံမှာ မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီအဖွဲ့ဝင်တွေပါဝင်တက်ရောက်ခဲ့ပါတယ်။ ညီလာခံအကြိုအနေနဲ့ ဆောင်ရွက်တဲ့ ကွင်းဆင်းဆေးကုသမှုတွေမှာလည်း မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီက ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ အဆို/အထောက်ဆွေးနွေးမှုတွေမှာလည်း ပါဝင်ဆွေးနွေးမှုတွေ ဆောင်ရွက်ပါ


ဒေါ်ဇာနည်စိုး

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ပြီး ကျွန်တော်တို့အသင်းအနေနဲ့ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ဦးသိန်းဇော်လင်း**
**ပါမောက္ခချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်**

တိုင်းရင်းဆေးတက္ကသိုလ်ကြီးကို ၂၀၀၂ ခုနှစ် ပညာသင်နှစ်ကနေ ဖွင့်လှစ်သင်ကြားခဲ့တာ အခုဆိုရင် ၂၁ နှစ်ရှိပါပြီ။ ဒီကာလအတွင်းမှာ တိုင်းရင်းဆေးပညာဘွဲ့ရတွေ နှစ်စဉ် မွေးထုတ်ပေးလျက်ရှိပြီးတော့ ပုံမှန်တိုင်းရင်းဆေးပညာဘွဲ့၊ တိုင်းရင်းဆေးပညာမဟာဘွဲ့


ဦးမောင်မောင်ဦး

တာဝန် ထမ်းဆောင်နိုင်ခြင်း၊ ပြည်တွင်း/ပြည်ပက တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ ဘွဲ့လွန်အဆင့်မြင့်ပညာရပ်များ ဆက်လက်ဆည်းပူးခွင့်တို့ ရရှိနိုင်မှာဖြစ်ပါတယ်။

**ဦးမြင့်လွင်**
**မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ နာယက**

ဒီမနက် တင်သွင်းသွားတဲ့အဆိုတွေနဲ့ပတ်သက်လို့ ပြောရရင် ပထမအဆိုအနေနဲ့တိုင်းရင်းဆေးပညာဟာ ကိုယ့်နိုင်ငံအတွင်းမှာပဲရှိတာမဟုတ်ပါဘူး။ နိုင်ငံတကာမှာလည်းရှိပါတယ်။ တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတကာ


ဦးကျော်ကျော်ဦး

မြန်မာ့တိုင်းရင်းဆေးဟာ အပင်ထွက်ဆေးတွေ များပါတယ်။ ဒါကြောင့်ဘေးထွက်ဆိုးကျိုးနည်းပါတယ်။ အဓိက ဖော်စပ်တဲ့နည်းပညာ လိုအပ်ပါတယ်။ ဘေးထွက်ဆိုးကျိုးနည်းပြီး အာနိသင်ထက်မြက်တဲ့ ဆေးဝါးတွေထုတ်လုပ်ဖို့ဆိုရင် သုတေသနလုပ်ငန်းတွေဆောင်ရွက်ဖို့ အဆိုတင်သွင်းသွားတာဖြစ်ပါတယ်။

**ဦးဝထွန်း**
**မြန်မာနိုင်ငံတိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်**

မြန်မာ့တိုင်းရင်းဆေးဟာ အရင်နဲ့စာရင် အတော့်ကိုတိုးတက်လာတာကိုတွေ့ရပါတယ်။ ကျွန်တော်


သူရိယ

သုတေသနလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရန်” ဆိုတဲ့ အဆိုတင်သွင်းဆွေးနွေးခဲ့တာပါ။ မြန်မာ့တိုင်းရင်းဆေးပညာဟာ ကျွန်မတို့ရဲ့တန်ဖိုးကြီးတဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်လို့ တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနဲ့တိုင်းရင်းဆေးပညာအရည်အသွေး ဖွံ့ဖြိုးတိုးတက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနဲ့ မြန်မာ့ တိုင်းရင်းဆေးဝါးများ အရည်အသွေး တိုးတက်ကောင်းမွန်စေဖို့အတွက် သုတေသနလုပ်ငန်းတွေ၊ အသိပညာပေး


မောင်စွမ်းထက်အောင်

ခြင်းဖြစ်ပါတယ်။ ဒီလိုညီလာခံတွေဆောင်ရွက်တိုင်း မြန်မာနိုင်ငံအရပ်ရပ်က တိုင်းရင်းဆေးသမားတော်တွေ လာရောက်စုဝေးပြီး အချင်းချင်း ကုသမှုအတွေ့အကြုံတွေ၊ ဆေးဝါးဖော်စပ်မှုအတွေ့အကြုံတွေ၊ ဆွေးနွေးဖလှယ်ခွင့်တွေ ရရှိပြီးတော့ ပြည်သူတွေရဲ့ ကျန်းမာရေးကို တိုင်းရင်းဆေးနဲ့ စောင့်ရှောက်မှုပေးတဲ့အခါ ပိုပြီးတော့ကောင်းမွန်တဲ့ အကြံဉာဏ်တွေ၊ လုပ်ထုံးလုပ်နည်းတွေ အများကြီးရတဲ့အတွက် အလွန်ပဲဝမ်းသာရပါတယ်။

စာမျက်နှာ ၁၃ သို့ ○

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" ကို နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော်တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေအား ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား တစ်ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား) ၏ ကုန်ကျစရိတ်မှာ ၂၅၀၀၀၀၀ (ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါ၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ရုံးအဖွဲ့အစည်းများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၊ ကုမ္ပဏီအဖွဲ့အစည်းများနှင့် ပြည်သူတစ်ဦးချင်းမှ သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ဖြစ်စေ၊ ပျဉ်းမနားမြို့ မြန်မာ့စီးပွားရေးဘဏ် ရွှေသင်္ကန်းငွေစာရင်းအမှတ် CF.000873 သို့ ပေးပို့၍ဖြစ်စေ ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည် -

**ဆက်သွယ်ရန်လိပ်စာ**

(၁) ဦးမြင့်စိုး၊ အဖွဲ့ဝင်၊ နေပြည်တော်ကောင်စီ ၀၉-၂၆၁၁၇၉၀၀၃
(၂) ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၀၉-၄၀၄၄၃၄၄၉၉
(၃) ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၁၃၅၆၉၈
(၄) ဦးတင်မောင်ကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၅၀၇၈၁၇၃
(၅) ဦးခင်မောင်ထွန်း၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော် ၀၉-၄၄၈၁၂၇၉၀၇

# (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပသည်။

အစီအစဉ်အရ ညီလာခံသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီနာယက ဦးမြင့်လွင်၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ဝင် ဦးဝထွန်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးပေါ်ညိမ်းတို့က ဆောင်ရွက်ကြသည်။




### ဝိုင်းဝန်းအကြံပြု

ဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားရာတွင် ညီလာခံသို့ တက်ရောက်လာကြသည့် မြန်မာ့တိုင်းရင်းဆေးသမားတော်ကိုယ်စားလှယ်ကြီးများနှင့် နီးနွှယ်သောပညာရှင်များအနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် အဆင့်အတန်းမြင့်မားစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်နှင့် မြန်မာ့တိုင်းရင်းဆေးလောက ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့၏ အတွေ့အကြုံ၊ အတွေးအခေါ်အယူအဆများကို ဆွေးနွေးကြပြီး တိုင်းရင်းဆေးလောက ပိုမိုတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုပေးကြရန်ဖြစ်ပါကြောင်း။

ညီလာခံတွင် အဆိုလေးရပ်ကို တင်သွင်းဖတ်ကြားသွားကြမည်ဖြစ်ပြီး တိုင်းရင်းဆေးလောကအတွက် တန်ဖိုးမဖြတ်နိုင်သည့် အဆိုများဖြစ်ကြောင်း၊ အဆိုများတွင် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြီးဆောင်ရွက်ရမည့်အပိုင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနသုံးဆေးဝါးများနှင့် ပတ်သက်ပြီး ဘေးဥပဒ်ကင်းရှင်း၍ အရည်အသွေးနှင့် အာနိသင်ပြည့်ဝသော ပိုမိုကောင်းမွန်သည့် ဆေးဝါးများ ပေါ်ထွက်လာစေရေး သုတေသနများ ဆောင်ရွက်ရန်တို့ပါဝင်ပါကြောင်း။

တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းဆေးဝါးများကို ဘေးအန္တရာယ်ကင်းရှင်းပြီး အာနိသင်ထက်မြက်သည့်ဆေးဝါးများအဖြစ် အထောက်အထားခိုင်မာစွာ ဆောင်ရွက်ပြီး ဖော်စပ်အသုံးပြုမည်ဆိုပါက ပြည်သူလူထုအနေဖြင့် မြန်မာ့တိုင်းရင်းဆေးဝါးများအပေါ် ယုံကြည်မှုပိုမိုရရှိကာ သုံးစွဲမှုများပြားလာမည်ဖြစ်သကဲ့သို့ နိုင်ငံတကာကိုလည်း ထိုးဖောက်နိုင်မည်ဖြစ်၍ မြန်မာ့တိုင်းရင်းဆေးလောကအတွက် အောင်မြင်မှုများပိုမိုရရှိလာမည်ဟု ယုံကြည်ပါကြောင်း၊ သို့မှသာ ပြည်သူလူထုအတွက် ငွေကြေးကုန်ကျသက်သာပြီး ထိရောက်သည့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုတွေကို ရရှိမည်ဖြစ်ပြီး နိုင်ငံတော်အတွက် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ်မှ ညီလာခံကိုယ်စားလှယ် ဒေါ်သဲဦးလွင်က အဆိုပြုချက် အမှတ်(၁)ဖြစ်သော တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ တိုင်းရင်းဆေးတက္ကသိုလ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် အဆိုကိုတင်သွင်းရာ မန္တလေးတိုင်းဒေသကြီး ညီလာခံကိုယ်စားလှယ် ဦးညီညီမောင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆိုပြုချက် အမှတ်(၂)ဖြစ်သည့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး အရည်အသွေးနှင့် အာနိသင်ပြည့်ဝသည့် ပိုမိုကောင်းမွန်သော ဦးစီးဌာနသုံး တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် သုတေသနလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်ရန် ဧရာဝတီတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ဇာနည်စိုးက တင်သွင်းပြီး ရန်ကုန်တိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်မြတ်နန္ဒာလင်းက ထောက်ခံဆွေးနွေးသည်။

### ထောက်ခံဆွေးနွေး

မွန်းလွဲပိုင်းတွင် ညီလာခံအစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒေါက်တာစုစုဒွေး၊ ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဦးမြင့်ဦး ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ ဦးလှမြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်၊ ဦးစိုးဝင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)တို့က ဆောင်ရွက်ပြီး အဆိုပြုချက်အမှတ်(၃)ဖြစ်သည့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အရည်အသွေးများ ပိုမိုတိုးတက်မြင့်မားလာစေရန် တိုင်းရင်းဆေးပညာရှင်များအတွက် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုကို မကွေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဒေါ်ဇင်မာမြင့်ကတင်သွင်းပြီး ရှမ်းပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးမြင့်ခိုင်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ အဆိုပြုချက်အမှတ်(၄)ဖြစ်သည့် တိုင်းရင်းဆေးပညာဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန်အဆိုကို ပဲခူးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ်ဦးသူရလင်းက တင်သွင်းပြီး မွန်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးဇော်မိုးထွေးက ထောက်ခံဆွေးနွေးသည်။

### အတည်ပြုမှတ်တမ်းတင်

ထို့နောက် (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲသို့ Video Message ဖြင့် ပေးပို့သော ဂုဏ်ပြုမိန့်ခွန်းနှင့် (၂၂)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ညီလာခံအဖွင့်မိန့်ခွန်းပါ မိန့်ကြားချက်များကို မှတ်တမ်းတင်ပြီး လုပ်ငန်းလမ်းညွှန်များအဖြစ် ခံယူဆောင်ရွက်သွားရန်နှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် တင်သွင်းသည့် အဆိုပြုချက်များနှင့် ပတ်သက်၍ အစည်းအဝေး၏ ဆန္ဒသဘောထားရယူပြီး အဆိုများအား အတည်ပြုမှတ်တမ်းတင်သည်။

ယနေ့ ညီလာခံတွင် တင်သွင်းသည့် အဆိုလေးခုမှာ ယမန်နေ့ ညီလာခံအကြိုညှိနှိုင်း ဆွေးနွေးပွဲတွင် တင်သွင်းလာသည့် အဆိုများအနက်မှ ညီလာခံကိုယ်စားလှယ်များက ရွေးချယ်ထားခြင်းဖြစ်သည်။ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ တက်ရောက်လာသည့် ညီလာခံကိုယ်စားလှယ်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်၍ ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

**သတင်းစဉ်**

○ စာမျက်နှာ ၁၂ မှ

**ဦးကျော်ကျော်ဦး**
**ညီလာခံကိုယ်စားလှယ်**

မန္တလေးတိုင်းဒေသကြီးကနေ ညီလာခံကိုယ်စားလှယ်အနေနဲ့ တက်ရောက်တာဖြစ်ပါတယ်။ နိုင်ငံတော်က တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီပံ့ပိုးနေတဲ့အတွက် ဖွံ့ဖြိုးတိုးတက်မှုတွေ ရရှိနေပါတယ်။ ညီလာခံကိုယ်စားလှယ်တွေ အနေနဲ့ အချင်းချင်းတွေ့ဆုံပြီး နှီးနှောဖလှယ်ခွင့်ရရှိတဲ့အတွက် အသိပညာတွေတိုးပွားပြီး ဒေသန္တရဗဟုသုတတွေလည်း တိုးပွားရပါတယ်။

**သူရိယ(သရုပ်ဆောင်)**
**စိန်ဘယက်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး**

စိန်ဘယက်တိုင်းရင်းဆေးကို အဖေမရှိတဲ့နောက် ညီအစ်ကိုမောင်နှမတွေနဲ့ ဦးစီးဦးဆောင်လုပ်ပြီးတော့ ဆက်လက်ဆောင်ရွက်နေပါတယ်။ တိုင်းရင်းဆေး အမယ်အနေနဲ့ ၁၂ မျိုးလောက် ထုတ်လုပ်ပါတယ်။ တိုင်းရင်းဆေးပညာဟာ နက်နဲခက်ခဲတဲ့ ဆေးပညာရပ်ဖြစ်ပါတယ်။ ကိုယ်တိုင်လည်း တိုင်းရင်းဆေးသိပ္ပံဆင်းဖြစ်တဲ့အတွက် တိုင်းရင်းဆေးပညာကို လေးစားမြတ်နိုးတယ်၊ ဒါကြောင့် ညီလာခံတက်ရောက်ပြီးတော့ တိုင်းရင်းဆေးလောကသားတွေနဲ့ တွေ့ဆုံအသိပညာတွေဖလှယ်ပြီး မြန်မာ့တိုင်းရင်းဆေးဖွံ့ဖြိုးတိုးတက်ဖို့ ခေတ်မီနည်းပညာတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်ဖို့ ကြိုးစားနေပါတယ်။

**မောင်စွမ်းထက်အောင်**
**ဒုတိယနှစ်၊**
**တိုင်းရင်းဆေးတက္ကသိုလ်**

တိုင်းရင်းဆေးညီလာခံကို ပထမဆုံးအကြိမ် တက်ရောက်ဖူးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားတွေအတွက် လေ့လာစရာတွေအများကြီးရတယ်။ အခုလိုညီလာခံတွေ တက်ရောက်ရတဲ့အတွက် အဆိုရှင်တွေရဲ့ဆွေးနွေးချက်တွေဟာ တိုင်းရင်းဆေးတိုးတက်ဖို့ အထောက်အကူဖြစ်စေသလို မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်တွေ၊ တိုင်းရင်းဆေးတက္ကသိုလ် ကျောင်းသားတွေအတွက် ဗဟုသုတတွေ အများကြီးရရှိစေပါတယ်။

**တွေ့ဆုံမေးမြန်း - တီအမ်**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## မတ္တရာမြို့နယ်နှင့် ဝန်းသိုမြို့နယ်များမှ ကျေးရွာများအတွင်းရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့နေကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ







နေပြည်တော် ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဒင်္ဂါးကျွန်းရွာ၊ ဆူးလေကုန်းရွာ၊ ရွှေဘောင်ရွာ၊ ရွှေဘိုးကြီးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၀ ရက်တွင် ကျေးရွာရှိ နေအိမ်များကို မီးရှို့နေကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဝင်းကြီးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ပစ်ခတ်ဝင်ရောက်ပြီး ကျေးရွာရှိနေအိမ်များကို မီးရှို့နေကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေ လုံခြုံရေးတာဝန်ရှိသူများ၏ပြောကြားချက်အရ မတ္တရာမြို့နယ်နှင့် ဝန်းသိုမြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးတာဝန်များ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းကျေးရွာများအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ရောက်ခဲ့ခြင်း၊ မီးရှို့ခဲ့ခြင်း မရှိကြောင်း သိရသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထုနေထိုင်ရာ ကျေးရွာ၊ နေအိမ်များ ထိခိုက်ပျက်စီးစေမည့် လုပ်ရပ်များကို မည်သည့်အခါမျှ လုပ်ဆောင်ခြင်း မရှိခဲ့ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကြမ်းဖက်သောင်းကျန်းသူများ၏ရန်မှ အစဉ်တစိုက် ကာကွယ်ပေးလျက်ရှိသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအကြား အထင်အမြင်လွဲမှားစေရန်နှင့် ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်လာစေရန် သတင်းတု၊ သတင်းအမှားများအား မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၂၁

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

**အမှုဖွင့်လှစ် အရေးယူ**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Thar Gyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် အောင်မြေသာစံ ရပ်ကွက်နေ ကျော်ဇေယျ(ခ) ဖိုးသားအား ညနေ ၄ နာရီခွဲတွင်လည်းကောင်း၊ “Min Thway” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် စက်သစ်ရပ်ကွက်နေ ဝေလင်းစိုး (ခ)ဝတုတ်အား ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝါးခယ်မမြို့တွင်းရှိ ဌာနဆိုင်ရာရုံးများနှင့် လုပ်ငန်းရှင်များကိုသာ လျှပ်စစ်မီး ပုံမှန်ပေးလျက်ရှိပြီး အခြားမြို့တွင်းရပ်ကွက်များကို အလှည့်ကျမီးပေးနေကြောင်း သတင်းတု၊ သတင်းအမှားရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဒီဇင်ဘာ ၂၁


ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ဌာနဆိုင်ရာရုံးများ၊ စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များကိုသာ လျှပ်စစ်မီးပုံမှန်ဖြန့်ဝေပေးပြီး အခြားမြို့တွင်းရပ်ကွက်များကို အလှည့်ကျမီးပေးသည့်ပုံစံဖြင့် ပေးဝေလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို ပြည်ဖျက်မီဒီယာ Ayeyarwaddy Times က လူမှုကွန်ရက်စာမျက်နှာတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

**ငွေကြေးတောင်းခံခြင်းမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းများ အပါအဝင် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုဆိုင်ရာရုံး၊ ဌာနများကို လျှပ်စစ်မီးပုံမှန်ပေးဝေလျက်ရှိပြီး အခြားနေရာများသို့လည်း အလှည့်ကျစနစ်ဖြင့်ပေးဝေလျက်ရှိကြောင်းနှင့် မည်သည့် ပုဂ္ဂိုလ်၊ လုပ်ငန်းရှင်များကိုမှ ငွေကြေးတောင်းခံ၍ လျှပ်စစ်မီးပေးဝေနေခြင်း မရှိကြောင်း ဝါးခယ်မမြို့နေ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်သူလူလု၏ လူမှုစီးပွားဘဝ ထိခိုက်စေရန်နှင့်ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အား ပေးဝေမှုဆိုင်ရာ အဆောက်အအုံများ၊ လျှပ်စစ်တာဝါတိုင်များကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကြောင့် အချို့မြို့နယ်များတွင် လျှပ်စစ်ဓာတ်အား လျှော့နည်း၍ အလှည့်ကျပေးဝေနေရခြင်းအပေါ် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မုန်းမြို့မဈေးအား တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တစ်ဈေးလုံး မီးလောင်ခဲ့သည်ဟု မဟုတ်မမှန် သတင်းအမှားဖြန့်ဝေ

နေပြည်တော် ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းမြို့ရှိ မြို့မဈေးအတွင်းသို့ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဈေးတစ်ခုလုံး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မုန်းမြို့ရှိ တာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းမှုနှင့် ဒေသခံပြည်သူများ၏ သတင်းပေးပို့မှုအရ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်တွင် ဈေးအတွင်းရှိ ဈေးဆိုင်ခန်းတစ်ခန်းမှ ဂတ်စ်အိုးပေါက်ကွဲသဖြင့် ဈေးအတွင်းရှိ ဆိုင်ခန်းပေါင်း ၂၃၈ ခန်းရှိသည့်အနက် ၂၁၀ ခန်း မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ တပ်မတော်အနေဖြင့် ပြည်သူလူထုနေထိုင်ရာ နေရာများသို့ မည်သည့်အခါမျှ ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း မရှိခဲ့ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အကြမ်းဖက်သောင်းကျန်းသူများ၏ ရန်မှ အစဉ်တစိုက် ကာကွယ်ပေးလျက်ရှိသည်။

ယခုဖြစ်စဉ်တွင်လည်း ဒေသခံပြည်သူများက တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်း၍ အကြမ်းဖက်မှုချေမှုန်းရေးစစ်ဆင်ရေးဆောင်ရွက်နေမှုကို ထိခိုက်စေရန်အတွက် တပ်မတော်မှ ပစ်ခတ်သောလက်နက်ကြီး ကျည်ကြောင့် မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းမှားများကို ဖန်တီးရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ဥပဒေဘောင်

အတွင်း

နေထိုင်ခြင်း

ဘေးကင်းရန်ကွာ

လွန်ချမ်းသာ

# ပြည်တွင်း စက်သုံးဆီသုံးစွဲမှုများအတွက် စက်သုံးဆီ အလုံအလောက် ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် တရားမဝင် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချမှုများအား စိစစ်အရေးယူ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၁

အများပြည်သူများအနေဖြင့် မကြာမီ စက်သုံးဆီပြတ်လပ်မည်ဆိုသည့် လူမှုကွန်ရက်များတွင် လတ်တလောဖြစ်ပေါ်နေသည့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ပူပန်မှုဖြင့် ပုံမှန်သုံးစွဲမှုပမာဏထက် ပိုမိုဝယ်ယူကြခြင်း၊ မတော်လောဘ စက်သုံးဆီအရောင်းဆိုင်များတွင် အခေါက်ခေါက်အခါခါတန်းစီ၍ ထုတ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် အချို့တွင် ဖြည့်တင်းပေးနိုင်မှုစွမ်းအားကျော်လွန်သည်အထိ စက်သုံးဆီများကို ဝယ်ယူလျက်ရှိရာ အရောင်းဆိုင်များတွင် စက်သုံးဆီများပြတ်လပ်မှုမရှိစေရန်အတွက် စက်သုံးဆီများကို အဆက်မပြတ်ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် စက်သုံးဆီအရောင်းဆိုင်များတွင် အကြိမ်ကြိမ်တန်းစီဝယ်ယူကာ တစ်ဆင့်ပြန်လည်ရောင်းချမှုများနှင့် တရားမဝင် သိုလှောင်ရောင်းချခြင်းများနှင့် ဆီတင်ယာဉ်ဖြင့် တရားမဝင် သယ်ယူပို့ဆောင်ခြင်းများအား တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များပါဝင်သော ဌာနဆိုင်ရာပူးပေါင်းဖွဲ့များဖြင့် စစ်ဆေးဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

ထိုသို့ စစ်ဆေးဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ၅-၁၀-၂၀၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး ရန်လင်းအောင်ကားဂိတ်တွင် ရပ်တန့်ထားသည့် မော်တော်ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင် ချက်ဆီ ၄၅ ဂါလန်ဆံ့ ပီပါ ၈၄ လုံး (ဂါလန် ၃၇၈၀ ခန့်)အားလည်းကောင်း၊ ၈-၁၀-၂၀၂၃ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အတွင်း မော်တော်ယာဉ်ပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင် ချက်ဆီ ၃၅ ဂါလန်ဆံ့ ပီပါ ၆၅ လုံး (၂၂၇၅ ဂါလန်ခန့်)အားလည်းကောင်း၊ ၂၄-၁၀-၂၀၂၃ ရက်တွင် မုံရွာမြို့ ကမ်းနားလမ်းဘေး ရပ်ကွက်ရုံးရှေ့ရှိ သုံးဘီးဆိုင်ကယ် နှစ်စီးပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင်ချက်ဆီ ၄၅ ဂါလန်ဆံ့ ပီပါ ၈၄ လုံး (ဂါလန် ၃၇၈၀ ခန့်)အားလည်းကောင်း၊ ၁-၁၁-၂၀၂၃ရက်တွင် မုံရွာမြို့ မန်းကျည်းပင်ဈေး ကျောက္ကာလမ်းပေါ်တွင် သုံးဘီးဆိုင်ကယ်တစ်စီးပေါ်တွင် သယ်ဆောင်လာသည့် တရားမဝင် ချက်ဆီ ၃၅ ဂါလန်ဆံ့ ပီပါ ၁၄ လုံး (ဂါလန် ၄၉၀ ခန့်) အားလည်းကောင်း၊ ၃၀-၁၁-၂၀၂၃ ရက်တွင် မုံရွာမြို့ ကွေ့ကြီးရပ်ကွက် ကမ်းနားလမ်းတွင် ပိုင်ရှင်မဲ့ချက်ဆီ ပီပါ အလုံး ၂၀ (ဂါလန် ၇၀၀ ခန့်)အားလည်းကောင်း၊ ၁၂-၁၂-၂၀၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး မန္တလေး-စဥ့်ကူးလမ်းပိုင်း မိုင်တိုင်အမှတ် ၄၅/၃ တွင် စက်သုံးဆီ တရားမဝင် သယ်ဆောင်လာသည့် ဆီတင်ယာဉ် Bowserလေးစီးအား စက်သုံးဆီ ၃၆၈၇၇ ဂါလန်ဖြင့် လည်းကောင်း၊ ၁၃-၁၂-၂၀၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်တံတားအနီးတွင် တရားမဝင်ချက်ဆီ ဂါလန် ၆၀၀၀ သယ်ဆောင်လာသည့် ဆီသယ်ယာဉ်တစ်စီးအားလည်းကောင်း၊ ၁၄-၁၂-၂၀၂၃ရက်တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ မိုင်တိုင်အမှတ် ၃၅၈ မိုင် ၄ဖာလုံရှိ ခြံဝင်းအတွင်း၌ တရားမဝင်မြေအောက် သိုလှောင်ကန်ဖြင့် သိုလှောင်ထားသည့် စက်သုံးဆီ ၃၃၈၆ ဂါလန်အားလည်းကောင်း။

၁၄-၁၂-၂၀၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် Denko စက်သုံးဆီအရောင်းဆိုင်တွင် နှစ်ကြိမ်တန်းစီဝယ်ယူသည့် မော်တော်ယာဉ်တစ်စီးအား ယာဉ်၏နောက်ခန်းတွင် မောင်းဆီတိုင်ကီနှင့် ပိုက်သွယ်တန်းထားသော ဂါလန် ၁၅၀ ဆံ့ ပလတ်စတစ်ပီပါ တစ်လုံး၊ ဂါလန် ၅၀ ဆံ့ သံပီပါ ခြောက်လုံး၊ ပလတ်စတစ်ပီပါ တစ်လုံးဖြင့်လည်းကောင်း၊ ၁၅-၁၂-၂၀၂၃ ရက်တွင် သာကေတမြို့နယ်၊ ၁/ အနော်မာရပ်ကွက် ဧရာဝဏ်လမ်း ကျောက်တိုင်မှတ်တိုင် အနီးတွင် အရောင်းဆိုင်များမှ တန်းစီဝယ်ယူပြီး တစ်ဆင့်ပြန်လည်ရောင်းချနေသည့် မော်တော်ယာဉ်တစ်စီးနှင့် ၎င်းယာဉ်ပေါ်တွင် ပါရှိသည့် တစ်ပီပါလျှင် ဂါလန် ၅၀ ဆံ့ ဒီဇယ်ဆီပီပါ ၁၀ လုံးအားလည်းကောင်း၊ ၁၆-၁၂-၂၀၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ဒဂုံ-သီလဝါလမ်းမကြီးဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ တရားမဝင်သိုလှောင်ထားရှိသည့် စက်သုံးဆီ ၄၈ ဂါလန်ဆံ့ သံပီပါ သုံးလုံး၊ ပါဝါဆီ အဖြူ ဂါလန်၃၀ ပါ သံပီပါ တစ်လုံး၊ ပါဝါဆီအဝါ ၁၅ ဂါလန်ပါသံပီပါ တစ်လုံး၊ စက်ဆီ၊ချောဆီ ၄၈ဂါလန် ဆံ့ သံပီပါ နှစ်လုံး၊ ဆီမဲအပျက် ၄၅ ဂါလန်ပါ သံပီပါ နှစ်လုံးနှင့် ၁၅ ဂါလန်ပါ သံပီပါ တစ်လုံးနှင့်ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ၁၈-၁၂-၂၀၂၃ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး မျိုးမြင့် ဦးစီးအဖွဲ့သည် မှော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာရှိ ခြံတစ်ခြံတွင် တရားမဝင် စက်သုံးဆီသိုလှောင်



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) ရှိ DENKO စက်သုံးဆီအရောင်းဆိုင်၌ စက်သုံးဆီ နှစ်ကြိမ်တန်းစီဝယ်ယူနေသည့် မော်တော်ယာဉ်အမှတ် (7P- 7880) အား ဖမ်းဆီးခဲ့မှု မှတ်တမ်းဓာတ်ပုံ။



ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ဒဂုံ-သီလဝါလမ်းမကြီးဘေးရှိ မိုးကြိုးစွမ်းဘုန်းကြီးကျောင်းဝင်းအတွင်း၌ တရားမဝင်သိုလှောင်ထားရှိသည့် စက်သုံးဆီနှင့် စက်ဆီ၊ ချောဆီများ ဖမ်းဆီးရရှိမှု မှတ်တမ်းဓာတ်ပုံ။



၁၄-၁၂-၂၀၂၃ ရက် ညနေ ၄ နာရီ ၂၅ မိနစ်တွင် ဒုတိယစစ်ဆေးရေးအရာရှိချုပ် (အထက်မြန်မာပြည်) ဦးစီးသော ပူးပေါင်းအဖွဲ့ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဖရဲကျွန်းကျေးရွာ မိုင်တိုင်အမှတ် ၃၅၈ မိုင် ၄ ဖာလုံရှိ ဦးရဲမင်းထွန်းပိုင်ဆိုင်သော တရားမဝင် စက်သုံးဆီခြံအား ဝင်ရောက်စစ်ဆေးနေသည့် မှတ်တမ်းဓာတ်ပုံ။



မှော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာရှိ ခြံအတွင်းတရားမဝင် စက်သုံးဆီ ဖမ်းဆီးရရှိမှု မှတ်တမ်းဓာတ်ပုံ။



မှော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာရှိ ခြံအတွင်း တရားမဝင် စက်သုံးဆီသယ်ဆောင်သည့် ဆီသယ်ယာဉ်(Bowser)များ ဖမ်းဆီးရရှိမှု မှတ်တမ်းဓာတ်ပုံ။



မှော်ဘီမြို့နယ် လိပ်ပုတ်ကျေးရွာရှိ ခြံအတွင်း တရားမဝင် စက်သုံးဆီသိုလှောင်ကန်များ ဖမ်းဆီးရရှိမှု မှတ်တမ်းဓာတ်ပုံ။

ရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေ စစ်ဆေးခဲ့ရာ ဂါလန် ၈၀၀ ဆံ့ သိုလှောင်ကန် ၁၄ ကန်နှင့် ဒီဇယ်ဆီ ဂါလန် ၇၂၀ ၊ ဂါလန် ၈၀၀ ဆံ့ အဖြူရောင် Bowser အခွံနှစ်စီး၊ ဂါလန် ၈၀၀ ဆံ့ ဆီBowser ပုံစံဆီတိုင်ကီ အခွံနှစ်လုံးတို့အား ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိပြီး ဆက်လက်စစ်ဆေးဖော်ထုတ်ခဲ့ရာ ခြံအမှတ် (၅၆၀)အတွင်းမှ ဆီ Bowser ပုံစံ (ဆလင်ဒါသံကန်)ဆီသိုလှောင်ကန် ၁၁ ကန်နှင့် ဒီဇယ်ဆီ ၆၈၅၇ ဂါလန်၊ 92 Ron ဂါလန် ၂၇၅၀ ပါသည့် ပီပါ ၅၅ လုံးနှင့် ပီပါအခွံ ၁၆ လုံး၊ ဒီဇယ်ဆီ ဂါလန်၁၃၇၀ ပါရှိသည့် Hyundai အမျိုးအစား အဖြူရောင် ဆီသယ်ယာဉ် Bowser တစ်စီးနှင့် Isuzu အမျိုးအစား အဖြူရောင်ဆီသယ်ယာဉ် Bowserတစ်စီးတို့အား လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၁၀-၁၂-၂၀၂၃ ရက်မှ ၁၅-၁၂-၂၀၂၃ ရက်အထိ တရားမဝင်စက်သုံးဆီရောင်းချမှု ၁၇ မှု ဖမ်းဆီးရရှိမိပြီး စက်သုံးဆီ ၇၁၉ ဂါလန်ခန့်နှင့် ဖြန့်ဖြူးရောင်းချရာမှာအသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီတွင် ၁၀-၁၂-၂၀၂၃ရက်မှ ၁၄-၁၂-၂၀၂၃ ရက်ထိ တရားမဝင်စက်သုံးဆီရောင်းချမှု ရှစ်မှုဖမ်းဆီးရရှိမိပြီး စက်သုံးဆီ ဂါလန် ၁၀၀ ခန့်နှင့် ဖြန့်ဖြူးရောင်းချရာမှာ အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအားလည်းကောင်း ဖမ်းဆီးရရှိမိခဲ့ရာ စုစုပေါင်း တရားမဝင် စက်သုံးဆီ ၆၉၉၀၉ ဂါလန်ခန့် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၅ သန်းကျော်)၊ စက်သုံးဆီသယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် ဆီတင်ယာဉ် (Bowser) ၁၁ စီးနှင့် တရားမဝင်လိုင်စင်မဲ့ စက်သုံးဆီ သိုလှောင်ကန်များအပါအဝင် ဖြန့်ဖြူးရောင်းချရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရရှိမိခဲ့ပြီး သက်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြို့နယ်အချို့ရှိ စက်သုံးဆီအရောင်းဆိုင် ၁၆ သည် စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်း၊ ခွင့်ပြုချက်မရဘဲ ဆီသယ်ယာဉ်(Bowser)ဖြင့် အခြားနေရာများသို့ သယ်ယူပို့ဆောင်ခြင်း၊ သတ်မှတ်ရည်ညွှန်းဈေးထက်ပိုမိုရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဌာနဆိုင်ရာ တာဝန်ရှိသူများက စိစစ်တွေ့ရှိရသဖြင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ စီမံခန့်ခွဲရေး နည်းလမ်းအရ သတ်မှတ်ဒဏ်ကြေး တပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းပြီး စက်သုံးဆီ အရောင်းဆိုင်ကို ယာယီပိတ်သိမ်းခြင်းများ အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် တရားမဝင်စက်သုံးဆီ သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချမှုများ ပပျောက်စေရန်အတွက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဖော်ထုတ် ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် တရားမဝင်စက်သုံးဆီသိုလှောင် သယ်ယူဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်၍ သတင်းရရှိပါက အဆိုပါ အဖွဲ့များသို့ သတင်းပေးပို့ တိုင်ကြားနိုင်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ဆင်သေချောင်းတံတား(ကျောက်ချက်)အသစ်တည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၁

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၂၃/၁)ရှိ ဆင်သေချောင်းတံတား(ကျောက်ချက်) လေးလမ်းသွားတံတားသစ် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်း လမ်းဆုံ(Junction)တွင် ယာဉ်သွားလာမှုစနစ်တကျဖြစ်စေရေးအတွက် လမ်းပြုပြင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် တံတားရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ချောင်းရေတိုက်စားမှု မဖြစ်ပေါ်စေရေး၊ မြစ်ချောင်းထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပမှုရှိစေရေးတို့အတွက် သက်ဆိုင်ရာဌာနများက ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လမ်းဆုံ(Junction)တွင် ယာဉ်သွားလာမှုစနစ်တကျဖြစ်စေရေး ယာဉ်ကြောပြင်ဆင်သတ်မှတ်ထားရှိမှု၊ လမ်းအချက်ပြ ဆိုင်းဘုတ်(Road Sign)များ ဆောင်ရွက်ထားရှိမည့် အခြေအနေနှင့် ယာဉ်များ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး အလေးထား ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက်အတွင်းရှိ ပန်းခင်းလမ်း လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းရေးဆောင်ရွက်နေမှု၊ လမ်းဘေးပလက်ဖောင်းဆေးစွဲခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပေါင်းလောင်းရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်း လမ်းဘေးဝဲ/ယာတွင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့်အဖွဲ့သည် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် နေပြည်တော်အတွင်း ထွက်ရှိသည့် MSME ထုတ်ကုန်များ ပြပွဲ၊ ပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပပြုလုပ်မည့် ပျဉ်းမနားမြို့နယ် အောင်မင်္ဂလာကားကွင်းဟောင်းနေရာတွင် ဈေးဆိုင်ခန်းများ တည်ဆောက်ပြင်ဆင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဈေးပွဲတော်ကျင်းပရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကျိုင်းတုံမြို့နယ်၌ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ကျိုင်းတုံ ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ချက်များအပေါ်သုံးသပ်၍ လုပ်ငန်းလိုအပ်ချက်များအား လမ်းညွှန်မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးဆောင်ရွက်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်နှင့်အဖွဲ့နှင့်အတူ ကျိုင်းတုံကာကွယ်ဆေးအအေးသိုလှောင်ခန်းတွင် တပ်ဆင်ပြီးစီးသည့် Solar Power System ဆောင်ရွက်ထားရှိမှု၊ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း၊ အမီလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ကိုဗစ်ကာကွယ်ဆေးထိုးလုပ်ငန်းများအပေါ် ဆွေးနွေးသုံးသပ်လမ်းညွှန်မှာကြားပြီး ပြည်နယ်ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးဌာန၊ ပြည်နယ်တီဘီရောဂါတိုက်ဖျက်ရေးဌာနများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ရောဂါရှာဖွေရေးနှင့် ဆေးကုသရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကျိုင်းတုံမြို့နယ်အတွင်းရှိ ကတ်ဖ၊ ယန်းခ၊ နောင်ငင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများနှင့် ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးပြီး နောင်ဆာ ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## မင်းလှမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေး

မင်းလှ ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။


### ဆေးကုသမှုဆောင်ရွက်ပေး

ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခြင်းကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှဝင်း ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းအမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၇၄ ဦးအား ဆေးကုသမှုဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်းနှင့် ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းများကို လစဉ် ၂၁ ရက်နေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)



မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေး တည်ထောင်ခြင်း (၇၅)နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ် ပြပွဲများနှင့်အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး စီစဉ်နိုင်ရန် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်နှင့်ဇနီးတို့ ဒီဇင်ဘာ ၂၀ ရက်နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာစဉ်။

သျှင်ဝင်းသျှင်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၁

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ပန်းတောင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

ပန်းတောင်း ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (အခမဲ့)ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းထိုက်စိုး ဦးဆောင်၍ အခမဲ့စမ်းသပ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆေးကုသပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုတို့က လာရောက်အားပေးကြည့်ရှုကာ လိုအပ်သည်များကို မှာကြားသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီထိ အခမဲ့ဆေးကုသပေးလျက်ရှိရာ လူနာဟောင်း ၇၇ ဦး၊ လူနာသစ် ၁၇ ဦး စုစုပေါင်း ၉၄ ဦးခန့် ဆေးကုသမှုခံယူလျက်ရှိပြီး လစဉ် ၂၁ ရက်နေ့တိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်စီမံကိန်းဦးစီးရုံးနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန သင်တန်းကျောင်းစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၁

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းသည် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်စီမံကိန်းဦးစီးရုံးနှင့် စီမံကိန်းရေးဆွဲရေးဦးစီးဌာန သင်တန်းကျောင်းသို့ သွားရောက်စစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ်စီမံကိန်းဦးစီးရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးသည်။ ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန သင်တန်းကျောင်းသို့ သွားရောက်၍ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)နှင့် နေပြည်တော်စီမံကိန်းဦးစီးရုံးအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ၁၀ ခုမှ သင်တန်းတက်ရောက်နေသည့် သင်တန်းသား သင်တန်းသူ ၆၀ နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် အစဉ်လေ့လာဆည်းပူးသင်ယူသွားရန်၊ စီမံကိန်းများ အကောင်အထည်ဖော်မှုများအပေါ် စနစ်တကျ သုံးသပ်ဆောင်ရွက်သွားရန်နှင့် စာရင်းဇယားများပြည့်စုံမှန်ကန်ရေးကို အလေးပေးဆောင်ရွက်ရန်၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ၏ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရာတွင် နိုင်ငံတော်မှ အဓိကဆောင်ရွက်နေသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စီမံကိန်းလျာထားချက်များတွင် စနစ်တကျ ထည့်သွင်းနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်သွားရန်၊ နိုင်ငံ့ဘဏ္ဍာငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်း/ လုပ်ငန်းစီမံကိန်းများအတွက် စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို သိရှိလိုက်နာ ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **သတင်းစဉ်**



# စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းပညာအတွက် စာသင်နှစ်တစ်နှစ်လျှင် ကျောင်းတစ်ကျောင်း၌ ကျောင်းသား ကျောင်းသူ ၆၀ သင်ကြားပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၁

နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်လျက်ရှိသည့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းနှင့် ပျဉ်းမနားမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းပညာ သင်ကြားပို့ချပေးနေမှုများကို ယနေ့ နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို စားရေရိက္ခာဖူလုံရေး ထုတ်လုပ်မှုဘာသာရပ်အဖြစ် နားလည်သဘောပေါက်ရန်လိုကြောင်း၊ သက်ဆိုင်ရာ ဆရာ ဆရာမများအနေဖြင့် အလေးထားကြိုးပမ်းပေးကြရန်နှင့် လက်တွေ့ဘဝကိုအခြေခံသည့် သင်ကြားသင်ယူမှု ဆောင်ရွက်နိုင်ရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် စာသင်ခန်းများအတွင်း ဆောင်ရွက်လျက်ရှိသည့် သင်ကြားသင်ယူခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များကို လေ့လာအားထုတ်မှု ပြင်းပြသောဆန္ဒများ ပေါ်ပေါက်လာစေရေး ဟောပြောပို့ချခြင်းနှင့် လက်တွေ့စိုက်ကွင်းများကို ကြည့်ရှုအားပေးကာ လိုအပ်ချက်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းပညာ စာတွေ့သင်ကြားပို့ချပေးနေမှုနှင့် လက်တွေ့စိုက်ကွင်းများကို ကြည့်ရှုအားပေးကြသည်။

အခြေခံပညာအထက်တန်းကျောင်းများတွင် တွဲဖက်ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းပညာအတွက် စာသင်နှစ်တစ်နှစ်လျှင် ကျောင်းတစ်ကျောင်း၌ စိုက်ပျိုးရေး ကျောင်းသား ကျောင်းသူ ၃၀ နှင့် မွေးမြူရေး ကျောင်းသား ကျောင်းသူ ၃၀ စုစုပေါင်း ၆၀ ကို သတ်မှတ်ချက်များနှင့်အညီ ခေါ်ယူသင်ကြားပေးလျက်ရှိပြီး လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးကောင်းမွန်သူ အခြေခံပညာအထက်တန်း KG+9 အောင်မြင်ပြီး လျှောက်လွှာပိတ်ချိန်တွင် အသက် ၂၀ နှစ်ထက် မကြီးသူများ တက်ရောက်သင်ယူနိုင်ကြမည်ဖြစ်သည်။ သင်တန်းကာလ သုံးနှစ်ပြီးမြောက်၍ အောင်မြင်ပါက အခြေခံပညာအထက်တန်း(စိုက်ပျိုးရေး)၊ အခြေခံပညာအထက်တန်း(မွေးမြူရေး)ပြီးမြောက်ကြောင်း အောင်လက်မှတ်ပေးအပ်ချီးမြှင့်မည်ဖြစ်ကာ လုပ်ငန်းခွင်သို့ ဝင်ရောက်လိုက ဝင်ရောက်နိုင်ပြီး ဆက်လက်၍ အဆင့်မြင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို သင်ယူလိုက သင်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူ၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

တောင်ငူ ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး အထူးကုပြင်ပလူနာဌာန၌ လစဉ် ၂၁ ရက်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီက ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် ဆေးပညာသမားတော်၊ အရေပြားအထူးကု၊ အကြောအဆစ်ပြန်လည်သန်စွမ်းရေး အထူးကု၊ ထိခိုက်ဒဏ်ရာနှင့်အရိုးအထူးကု၊ မျက်စိအထူးကု၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု၊ ခွဲစိတ်အထူးကုနှင့် သွားအထူးကုဆရာဝန်များက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့် စမ်းသပ် စစ်ဆေးမှုများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာသို့ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်း၊ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး အာဟာရစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

# ထန်းတပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေး

ထန်းတပင် ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ လူနာစောင့်များနားနေဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပူးပေါင်း၍ ထန်းတပင်မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးခြင်း၊ အခြေခံရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်း၊ ကြိုတင်ရောဂါရှာဖွေခြင်း၊ ကုသရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ စနစ်တကျလွှဲပြောင်းဆောင်ရွက်ရန်နှင့် ကျန်းမာရေးအသိပညာပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါအငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအစီအစဉ်ကို လစဉ် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ထုတ်လုပ်ခဲ့သည့် လက်ဆွဲကောက်စိုက်စက်များဖြင့် နွေစပါးစိုက်ပျိုးနေမှု ကြည့်ရှုအားပေး

ပဲခူး ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်၌ နွေစပါး ပန်းတိုင်အထွက်နှုန်း ပြည့်မီစေရေး တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ထုတ်လုပ်ခဲ့သည့် လက်ဆွဲကောက်စိုက်စက်များဖြင့် နွေစပါးစိုက်ပျိုးနေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



### တီထွင်ဖန်တီးလျက်ရှိ

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ညောင်လေးပင်ခရိုင်နှင့် ပဲခူးခရိုင်တို့ရှိ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပြုစုစောင့်ရှောက်မှုသက်သာစေရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ယခု စိုက်ပျိုးပြသသွားမည့် လက်ဆွဲကောက်စိုက်စက်အပြင် ပဲမျိုးစုံအစေ့ချစိုက်စက်များလည်း တီထွင်ဖန်တီးလျက်ရှိကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ခေတ်မီစိုက်ပျိုးနည်းစနစ်များ ကောင်းမွန်ပြည့်စုံစွာ ပေါ်ထွက်လာနိုင်ရေး နိုင်ငံတော်အစိုးရက ဘက်ပေါင်းစုံ ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်တွင်းဖြစ် Agro Future Myanmar Co., Ltd. မှ ထုတ်လုပ်လျက်ရှိသော လက်ဆွဲကောက်စိုက်စက်များဖြင့် တစ်ကွင်းတစ်ဆက်တည်း နွေစပါး ဧက ၅၀၀ စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများအတွက် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

### လမ်းညွှန်မှာကြား

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ဥသျှောမြို့သစ် စုပေါင်းရုံးလမ်းရှိ Agro Future Myanmar Co., Ltd. ၏ လက်ဆွဲကောက်စိုက်စက်ထုတ်လုပ်သည့် အလုပ်ရုံသို့ ရောက်ရှိခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါ ပြည်တွင်းထုတ် လက်ဆွဲကောက်စိုက်စက်သည် ပြည်ပနိုင်ငံထုတ် လက်ဆွဲကောက်စိုက်စက်များ၏ တည်ဆောက်ပုံကိုယူပြီး ပြန်လည်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# အပူပိုင်းနှင့်သမပိုင်းသီးနှံများ၊ ရှောက်မျိုးနွယ်အုပ်စုဝင်သီးနှံများအရေးနှင့်ပတ်သက်၍ တရုတ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့်အတွက် သီးနှံများအထွက်ကောင်းစေရန် ဆောင်ရွက်လာနိုင်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

အပူပိုင်းနှင့်သမပိုင်းသီးနှံများ၊ ရှောက်မျိုးနွယ်အုပ်စုဝင်သီးနှံများအရေးနှင့် ပတ်သက်၍ တရုတ်နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့်အတွက် သီးနှံများအထွက်ကောင်းစေရန် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရုတ်နိုင်ငံမှ Tropical and Subtropical Cash Crop Research Institute, Yunnan Academy of Agricultural Sciences နှင့် Myanmar Representative Office of the Chamber of Commerce of Dehong Prefecture၊ မြန်မာနိုင်ငံမှ မြန်မာနိုင်ငံမျိုးစေ့အသင်းနှင့် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းတို့ ဒီဇင်ဘာ ၁၈ ရက်က နားလည်မှုစာချွန်လွှာရေးထိုးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ပူးပေါင်းဆောင်ရွက်

နားလည်မှုစာချွန်လွှာအရ ရှောက်မျိုးနွယ်အုပ်စုဝင်သီးနှံများ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပြီး ၎င်းအပြင် အပူပိုင်းနှင့် သမပိုင်းသီးနှံများဖြစ်သည့် ကော်ဖီ၊ မက္ကဒေးမီးယား၊ ဟင်းသီးဟင်းရွက်၊ ဧရာတ် အစရှိသည့် သီးနှံများကို ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများတွင် သင်တန်းများပေးခြင်း၊ လေ့လာရေးခရီးစဉ်များ၊ သုတေသနလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ကြောင်းလည်း သိရသည်။

"သူတို့ဆီမှာက ရှောက်မျိုးနွယ်အုပ်စုက တော်တော်ဖွံ့ဖြိုးတာလေ။ သူတို့ဆီက နည်းပညာတွေရမှာပေါ့။ သင်တန်းတွေအနေနဲ့က နှစ်ရှည်သင်တန်းတွေပေးဖို့ အစီအစဉ်တွေရှိတယ်။ အခုနှစ်ဦးသဘောတူ လက်မှတ်ရေးထိုးတဲ့ အဆင့်ရှိတယ်။ အဓိကအနေနဲ့က သီးနှံအထွက်ကောင်းလာမယ်။ ရောဂါခံနိုင်တဲ့မျိုးတွေကို စိုက်ပျိုးတာတွေဖြစ်လာမယ်။ တောင်သူတွေအတွက် အများကြီးအကျိုးရှိလာမယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် မိမိတို့၏ အားနည်းချက်၊ အားသာချက်ကို လေ့လာနိုင်ပြီး အားသာချက်ကို ပိုမိုဆောင်ရွက်နိုင်ရန် အတွက်ဖြစ်ကြောင်း ၎င်းက ပြောသည်။

MT



# မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ၂၀၂၃-၂၀၂၆ ခုနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မင်္ဂလာခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌ ဦးတင်ကိုကိုက ရွေးချယ်တင်မြှောက်ပွဲနှင့်ပတ်သက်၍ အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်း ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် အသင်းသား အသင်းသူများက အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တင်မြှောက်ခြင်း၊ စီမံခန့်ခွဲရေးတာဝန်ထမ်းဆောင်မည့် ပုဂ္ဂိုလ်များ ရွေးချယ်တင်မြှောက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ရွေးချယ်တင်မြှောက်ပွဲ ကြီးကြပ်မှုကော်မရှင်ဥက္ကဋ္ဌ ဦးတင်ကိုကိုက မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ၂၀၂၃-၂၀၂၆ ခုနှစ်သက်တမ်းအတွက် ရွေးချယ်တင်မြှောက်ခံရသည့် အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကို ဖတ်ကြားကြေညာခဲ့သည်။

ယနေ့ကျင်းပသည့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ၂၀၂၃-၂၀၂၆ ခုနှစ်သက်တမ်းအတွက် အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ပွဲတွင် အသင်းဝင်ပေါင်း ၆၀၀ ကျော်ရှိသည့်အနက် ၅၀၀ ကျော် တက်ရောက်မဲပေးခဲ့ကြပြီး ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌငါးဦး၊ အထွေထွေအတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးငါးဦး၊ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင် စုစုပေါင်း ၈၃ ဦးတို့ကို ရွေးချယ်တင်မြှောက်ပေးခဲ့ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၂-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၆၀ | ၂၆၁၀ | ၂၆၀၀ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၁၅ | ၂၅၉၅ | ၂၆၉၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၅၀ | ၂၈၈၀ | ၂၉၀၀ |
| 95 Ron | ၂၆၆၀ | ၂၇၁၀ | ၂၇၁၀ | ၂၆၇၀ | ၂၇၁၀ | ၂၇၃၅ | ၂၇၂၀ | ၂၆၉၅ | ၂၇၉၅ | ၂၈၁၀ | ၂၇၀၀ | ၂၇၂၀ | ၂၇၄၅ | ၂၇၅၀ | ၂၇၅၀ | ၂၉၈၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၅၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၀ | ၂၅၅၅ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၂၅ | ၃၀၉၀ |
| HSD (50 ppm) | ၂၄၆၅ | ၂၅၁၅ | ၂၅၁၅ | ၂၄၇၅ | ၂၅၁၅ | ၂၅၄၀ | ၂၅၃၅ | ၂၅၀၀ | ၂၆၂၀ | ၂၆၁၅ | ၂၅၀၅ | ၂၅၂၀ | ၂၅၅၀ | ၂၅၅၅ | ၂၅၅၅ | ၂၇၈၅ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၇၅ | ၂၅၂၅ | ၂၅၂၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၁၅ | ၂၅၂၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၆၅ | ၂၇၉၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၄၀ | ၂၅၂၂ |
| 95 Ron | ၂၅၃၉ | ၂၆၂၃ |
| HSD (500 ppm) | ၂၂၉၄ | ၂၃၇၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၇ |
| HSD (10 ppm) | ၂၃၅၇ | ၂၄၃၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဟားမတ်စ်စစ်သွေးကြွများအသုံးပြုသည့် မြေအောက်ဥမင်လိုဏ်ခေါင်းများကို ရှာဖွေတွေ့ရှိခဲ့ဟု အစ္စရေးစစ်တပ်ပြောကြား



ဂျေရုဆလင် ဒီဇင်ဘာ ၂၁

ဂါဇာမြောက်ပိုင်းရှိ ဟားမတ်စ်စစ်သွေးကြွများအသုံးပြုသည့် မြေအောက်ဥမင်လိုဏ်ခေါင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်းနှင့် စစ်ဆင်ရေးများကို ထပ်မံဆောင်ရွက်သွားမည်ဟု အစ္စရေးစစ်တပ်က ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ဟားမတ်စ်ခေါင်းဆောင်များ အသုံးပြုသည့် မြေအောက်အဆောက်အအုံ ကွန်ရက်တစ်ခုကို တွေ့ရှိခဲ့ကြောင်း အစ္စရေးစစ်တပ် ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်ဟာဂါရီက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ဟားမတ်စ်စစ်သွေးကြွအဖွဲ့၏ မြေပြင်စစ်ဆင်ရေးများတွင် အသုံးပြုသည့် လက်နက်များကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားခဲ့သည်။

"ဒီလိုဥမင်လိုဏ်ခေါင်းတွေကို တွေ့ရှိခဲ့တာဟာ ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းမှာရှိတဲ့ ဟားမတ်စ်တွေရဲ့ မြေအောက်မြို့တော်ကို တွေ့ရှိခြင်းဖြစ်ပြီး မဟာဗျူဟာကျတဲ့ နေရာတွေမှာ တည်ရှိနေတဲ့ ဟားမတ်စ်အဖွဲ့ရဲ့ အခြေခံအဆောက်အအုံအားလုံးကို ဖျက်ဆီးပစ်မယ်" ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးစစ်တပ်၏ စစ်ဆင်ရေးစတင်ချိန်မှစ၍ သေဆုံးသူဦးရေ ၂၀၀၀၀ ကျော်ရှိပြီဟု အယ်လ်ဂျာဇီးယားရုပ်မြင်သံကြားဌာနက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တု နည်းပညာလုံခြုံရေးဆိုင်ရာ အမျိုးသားအင်စတီကျု ဇန်နဝါရီလတွင် ဖွင့်လှစ်မည်

တိုကျို ဒီဇင်ဘာ ၂၁

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် မျိုးဆက်သစ်ဉာဏ်ရည်တုနည်းပညာကို ပြည်သူများ ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရန်နှင့် လူ့အဖွဲ့အစည်းအတွက် အကျိုးကျေးဇူးများမြင့်တင်ရန် ရည်ရွယ်ပြီး အထောက်အကူပြုနည်းလမ်းများကို လေ့လာရန် အမျိုးသားအင်စတီကျုကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဉာဏ်ရည်တုနည်းပညာ မဟာဗျူဟာဆိုင်ရာ အစိုးရအဖွဲ့အစည်းအဝေးတစ်ခုတွင် ဉာဏ်ရည်တုနည်းပညာ လုံခြုံရေးဆိုင်ရာ အမျိုးသားအင်စတီကျုကို တည်ထောင်သွားမည့်အစီအစဉ်ကို ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်း၌ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်လျက်ရှိစဉ် ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့သည် မျိုးဆက်သစ်ဉာဏ်ရည်တုဆိုင်ရာ သုတေသန ပြုလုပ်ရန် အင်စတီကျုများကို ထူထောင်လျက်ရှိကြောင်း ဝန်ကြီးချုပ်ကီရှီဒါက ဆိုသည်။

ဉာဏ်ရည်တု နည်းပညာများ၏ ဘေးကင်းမှုကို အကဲဖြတ်ရန်နှင့် စံချိန်စံညွှန်းများ အကောင်အထည်ဖော်ရေး နည်းလမ်းများကိုလေ့လာရန် အင်စတီကျုတစ်ခု ထူထောင်ရန်လိုအပ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။

ထို့ပြင် အစည်းအဝေး၌ ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရန်နှင့် စီးပွားရေးလုပ်ငန်းအားလုံးအတွက် ရည်ရွယ်အသုံးပြုသည့် အစိုးရလမ်းညွှန်ချက်ဆိုင်ရာ နောက်ဆုံးမူကြမ်းကိုလည်း အတည်ပြုခဲ့သည်။

ဉာဏ်ရည်တုနှင့်ပတ်သက်ပြီး ချမှတ်ထားသောစည်းမျဉ်းများကို လိုက်နာရန်နှင့် လူသားများ၏ စိတ်ခံစားမှုများကို ဥပဒေမဲ့ကြိုးကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ပံ့ပိုးမှုနှင့် အသုံးပြုမှုကို ဆန့်ကျင်ကြရန် အဆိုပါလမ်းညွှန်ချက်များတွင် သတိပေးထားသည်။

ဂျပန်အစိုးရသည် လာမည့်နှစ် မတ်လတွင် လမ်းညွှန်ချက်၏ နောက်ဆုံးဗားရှင်းကို မထုတ်ပြန်မီ ပြည်သူများ၏ သဘောထားမှတ်ချက်များကို တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# မိတ္ထီလာမြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြ

မိတ္ထီလာ ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့မဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါဈေးကြီးအတွင်း ကျင်းပခဲ့သည်။

အဆိုပါလက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲတွင် မီးငြိမ်းသတ်ရေးယာဉ်၊ ဆေးဘူးတို့ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းကို ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးကြီးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးရောင်းချသူများ၊ စည်ပင်ဝန်ထမ်းများက လက်တွေ့သရုပ်ပြသရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ ဈေးအကျိုးဆောင်ကော်မတီမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထို့နောက် မိတ္ထီလာမြို့မဈေးကြီး၏ ဈေးကြီး၊ ဗဟိုဈေးကြီး၊ ပိတောက်မြိုင်ဈေးအတွင်းရှိ မီးသတ်ရေငုတ်များ၊ မီးငြိမ်းသတ်ရေးစက်ရုံများ စနစ်တကျပြင်ဆင်ဆောင်ရွက်ထားမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# အုတ်ဖိုမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေး

အုတ်ဖို ဒီဇင်ဘာ ၂၁

သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိုးသက်ဝင်း ဦးဆောင်မှုဖြင့် အေးမြသာယာတိုက်နယ်ဆေးရုံမှ ဆရာဝန် ဒေါက်တာသီရိရွှေစင်လှိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၂၁ ဦးအား စစ်ဆေးကုသပေးခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။



အဆိုပါစစ်ဆေးကုသမှုကို လစဉ် ၂၁ ရက် တိုင်း အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

# မုဒုံမြို့၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲပြုလုပ်

မုဒုံ ဒီဇင်ဘာ ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အသိပညာပေး ဟောပြောခြင်း၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပခဲ့သည်။



ဦးစွာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက မျိုးချစ်စိတ်ဓာတ် ရှင်သန်မြင့်မားရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သိမှတ်ဖွယ်ရာ နံရံကပ်ပိုစတာ၊ ဓာတ်ပုံများနှင့် စာအုပ်စာစောင်များကို တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ကြည့်ရှု လေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# သနပ်ပြင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

လှည်းကူး ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မွမ်းမံရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော သနပ်ပြင်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း ဂဝံခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယင်းဂဝံခင်းခြင်းလုပ်ငန်းကို ၂၀၂၃ ခုနှစ် မေလ ပထမပတ်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သနပ်ပြင်ကျေးရွာတွင် မွမ်းမံရန်ပုံငွေကျပ် ၁၃ ဒသမ ၄၄ သန်းဖြင့် အရှည်ပေ ၁၁၀၀၊ အကျယ် ၁၀ ပေ၊ ဒ ကိုးလက်မရှိ ကုန်ထုတ်ဂဝံလမ်းခင်းခြင်းသည် ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုကြောင့် သနပ်ပြင်ကျေးရွာရှိ လယ်ယာစိုက်ပျိုးမြေ ဧက ၄၀၀ မှ ထွက်ရှိသော ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# PDF အမည်ခံ အကြမ်းဖက်သမားများက လောင်းလုံးမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသန်းပစ်ခတ်သဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံး၊ ကလေးငယ် လေးဦးအပါအဝင် ရှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အား ယနေ့နံနက် ၉ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးပြီး ပြန်လည်ဆုတ်ခွာထွက်ပြေးသွားစဉ် မြို့ပြင်အရောက်၌ ရပ်ကွက်အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦး သေဆုံးပြီး ကလေးငယ် လေးဦးအပါအဝင် အပြစ်မဲ့ ပြည်သူ ရှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။


**ကျရောက်ပေါက်ကွဲ**

ဖြစ်စဉ်မှာ PDF အမည်ခံ အကြမ်းဖက်သမားများသည် လောင်းလုံးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးအား မီးရှို့ဖျက်ဆီးသွားပြီး ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားစဉ် လောင်းလုံးမြို့၏ အရှေ့တောင်ဘက် မီတာ ၁၁၀၀ ခန့် အကွာမှ လောင်းလုံးမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ခဲ့ရာ (ခ)ရပ်ကွက် အောင်ချမ်းသာဘုရားကြီးအနီးရှိ ဆောက်လုပ်ရေးကုမ္ပဏီမှ အလုပ်သမားတန်းလျားသို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အဆိုပါ အလုပ် သမားတန်းလျားတွင် နေထိုင်သည့် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ သေဆုံးကာ အပြစ်မဲ့ကလေးငယ် လေးဦးအပါအဝင် ရှစ်ဦး ဗုံးစ ထိမှန်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတ အသင်းအဖွဲ့များက လောင်းလုံးမြို့မှ ထားဝယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ထိုသို့ PDF အမည်ခံ အကြမ်းဖက်သမားများ၏ လူမဆန်သော လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများအပေါ် ဒေသခံပြည်သူများအနေဖြင့် ရွံရှာမုန်းတီးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




**PDF အမည်ခံအကြမ်းဖက်သမားများက လောင်းလုံးမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံးသို့ လာရောက်မီးရှို့ဖျက်ဆီးသွားခဲ့ပြီး လောင်းလုံးမြို့ (ခ) ရပ်ကွက်အတွင်းသို့ လက်လုပ်စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့သည့် ဖြစ်စဉ် နေရာပြပုံ။**

**❂ ဝက်စ်ဟမ်းအသင်းမှ**

ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိခဲ့ပြီး အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်တာကြောင့် လက်ရှိအချိန်မှာ အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်အဆင့်ကို (၁၉)ကြိမ်မြောက် တက်လှမ်းခွင့်ရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွေ ပြီးဆုံးခဲ့ပြီ ဖြစ်တာကြောင့် ဆီမီးဖိုင်နယ်အဆင့်မှာ လီဗာပူး အသင်းက ဖူလ်ဟမ်းအသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေပြီး ချယ်လ်ဆီးအသင်းကတော့ မစ်ဒယ်ဘာရော့ အသင်းနဲ့ ထိပ်တိုက်တွေ့ဆုံနေတာ ဖြစ်ပါတယ်။

အီးအက်ဖ်အယ်လ်ဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ပထမအကျော့ပွဲစဉ်တွေကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်နဲ့ ဒုတိယအကျော့ပွဲစဉ်တွေကို ဇန်နဝါရီ ၂၂ ရက်တို့မှာ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

**ငွေကြယ်**

**❒ ကျောဖုံးမှ**

ဆားကြမ်းနမူနာအနေဖြင့် တန် ၂၀ ပါရှိသော ကွန်တိန်နာ တစ်လုံးကို ကနဦး ဂျပန်နိုင်ငံသို့ စမ်းသပ်တင်ပို့ထားပြီး တောင်ကိုရီးယားနိုင်ငံသို့လည်း တန်ချိန် ၄၀ တင်ပို့ရန် ပြင်ဆင်နေကြောင်း ဦးခင်ဝင်းက ပြောသည်။

“ဂျပန်ကိုတော့ တင်ပို့ထားတယ်။ သူတို့ကြိုက်ရင် ဆက်ပြီးဆွေးနွေးမှာယူကြမှာပေါ့။ တောင်ကိုရီးယားကိုတင်ပို့ဖို့အတွက်လည်း ပို့ကုန်လိုင်စင် လျှောက်နေပြီ”ဟု ၎င်းက ပြောသည်။ မွန်ပြည်နယ်အတွင်းရှိ နေလှန်းဆားကွင်းအချို့ထုတ်လုပ်မှုစရိတ်မြင့်မားလာပြီး ဆားကြမ်းဈေးနှုန်းကျဆင်းလာခြင်းကြောင့် ဆားကွင်းအချို့ရပ်နားထားရသည့်သတင်းများထွက်ပေါ်နေခြင်းမှာလည်း မမှန်ကန်ကြောင်း ဦးခင်ဝင်းက ရှင်းလင်းပြောကြားသည်။

“မွန်ပြည်နယ်က ဆားကွင်းအချို့ထုတ်လုပ်မှုစရိတ် မြင့်မားလာပြီး ရပ်နားထားတာ မဟုတ်ပါဘူး။ ကျန်ခဲ့တဲ့နှစ်ကလည်း ၈၉ကွင်း၊ဒီနှစ်လည်း ကွင်း၉၀ လောက် လိုင်စင်တင်ထားတာရှိပါတယ်။ စက်သုံးဆီစရိတ်မြင့်ပေမယ့် မရပ်ပါဘူး။ ဆီဈေးနှုန်းတွေတက်နေတယ်ဆိုပေမယ့် သူတို့နည်းသူတို့ဟန်နဲ့ အဆင်ပြေအောင်ကြိုးစားနေကြပါတယ်”ဟု ပြောသည်။

**MT**

# ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၂၃ - ၁၂ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅) အမှတ် (၅၁) တွင် ဘဝပေးအခြေအနေမတူ၍ စားဝတ်နေရေးအတွက် ရုန်းကန်နေရသည့် ကျောင်းသားကို အခြားကျောင်းသားများက အချင်းချင်းနားလည်ပေးကာ ချစ်ချစ်ခင်ခင် ပေါင်းသင်းဆက်ဆံသင့်ကြောင်း တင်ဆက်ထားသည့် “ ရွှေပိုး - တန်ဖိုးထားပါ ” မျက်နှာဖုံး ဇာတ်လမ်း၊ ခုနစ်ထွေအကတွင်ပါဝင်သော ဘီလူးအကအကြောင်းကို ဗဟုသုတရဖွယ် တင်ဆက်ထားသည့် “ခုနစ်ထွေ အက (ဘီလူးအက)” သုတဆောင်းပါးကဏ္ဍ၊ သူတစ်ပါးအပေါ် စိတ်ကောင်းစေတနာမထားသောကြောင့် ငါးမရဘဲ ရေထဲကျသွားသည့် ရွှေချည်ဇာ၏ သူငယ်ချင်းဖြစ်သူအကြောင်းကို သရုပ်ဖော်တင်ဆက်ထားသည့် “ရွှေချည်ဇာနှင့်ငါး” နှစ်မျက်နှာကာတွန်း၊ ဆရာမက ကလေးများကို အလုပ်တစ်ခုလုပ်ဆောင်ရာ၌ မိမိပတ်ဝန်းကျင်ရှိ အကြောင်းအရာများကိုပါ သတိထားလုပ်ဆောင်တတ်စေရန် လေ့ကျင့်ပေးခဲ့ပုံကို ရေးဖွဲ့ထားသည့် “စူးစမ်းလေ့လာအဖြေရှာ”ဝတ္ထုကဏ္ဍ၊ မိုးရာသီနှင့် ပတ်သက်သော ကဗျာများကို ကာတွန်းသရုပ်ဖော်ပုံနှင့် တင်ဆက်ထားသည့် “မိုးကဗျာ” တစ်မျက်နှာ ကာတွန်း၊ အချင်းချင်း ညီညွတ်ကာ ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် လုပ်ဆောင်ခဲ့သောကြောင့် သောက်သုံးရေပြတ်လပ်ပြီး အသက်ဘေးနှင့်ကြုံတွေ့ရမည့် ဘေးဒုက္ခမှ ကျော်လွှားနိုင်ခဲ့သော ကုန်သည်ကြီးနှင့် လှည်းသမားများအကြောင်းကို ရေးဖွဲ့ထားသည့် “ခိုင်မာသော ဆုံးဖြတ်ချက်” ပုံပြင်ကဏ္ဍ၊ ရွှေသွေးဂျာနယ်အထူးထုတ် (၂၀၂၄) တွင် ထည့်သွင်းဖော်ပြမည့် ကလေးလက်ရာ ပန်းချီပြိုင်ပွဲဝင်များကို ဖိတ်ခေါ်သည့် “ရွှေသွေးတို့လက်ရာ ပန်းချီများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း” ကဏ္ဍ၊ မိမိ၏ခန္ဓာကိုယ်ထွားကျိုင်းမှုကို အသုံးချကာ တိရစ္ဆာန်ငယ်လေးများအပေါ် အနိုင်ယူတတ်သောကြောင့် ကျော့ကွင်းအတွင်း မိရသော ကြက်ဖရွှေနီ အကြောင်းကို တင်ဆက်ထားသည့် “မာနကြီးသော ကြက်ဖရွှေနီ” နှစ်မျက်နှာကာတွန်း၊ ဖြတ်ထိုးဉာဏ်ကောင်းလွန်းသော တုံတုံအကြောင်းကို ရေးဖွဲ့ထားသည့် “ဉာဏ်ကောင်းတဲ့ တုံတုံ” နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာ သင်ခန်းစာအနေဖြင့် အခြေခံအင်္ဂလိပ်သဒ္ဒါနှင့် ပတ်သက်သည့် အကြောင်းအရာများကို နိဂုံးချုပ်အနေဖြင့် ခြုံငုံတင်ဆက်ထားသည့်“ရွှေသွေး အင်္ဂလိပ်သဒ္ဒါ” ကဏ္ဍ၊ ကလေးလက်ရာ ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ MNL 2 မှ**

ညနေပိုင်းကျင်းပသည့်ပွဲတွင် Rainbow အသင်းက Burmese Bees အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (က) တွင် Rainbow အသင်းက နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။ အုပ်စုစတုတ္ထနေ့ကို ဒီဇင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၈ နာရီခွဲတွင် GOA Hmawbi အသင်းနှင့် Takeo Strike အသင်း၊ မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်ဂလက်စီအသင်းနှင့် Passion အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ဓာတ်ပုံ-MNL**


## တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)တိုးချဲ့ရပ်ကွက်၊ တိုက်အမှတ်(0-1) (c-1)ဟုခေါ်သော တိုက်ခန်းကို ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မီမီလှိုင်[၁၂/ဗတထ(နိုင်)၀၀၂၄၁၈]ထံမှ ကျွန်တော် ဦးပြည်သိန်းဦး[၁၂/သဃက(နိုင်)၁၉၁၀၂၆]က အပြီးအပိုင်လွှဲပြောင်းရယူရန် ငွေအကျေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မူရင်းစာရွက်၊ အထောက်အထားများနှင့် တကွ ကျွန်တော့်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးပြည်သိန်းဦး**
**ဖုန်း - ၀၉-၅၀၁၃၆၅၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၅၀၄/ခ)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၅၀၄/ခ)၊ နီလာ(၄)လမ်း၊ (၈)ရပ်ကွက်၊ ဒေါ်ညွန့်မေ [၁၂/ဥကမ(နိုင်)၀၀၆၀၅၇]၊ ဦးထူးသာ[၁၂/ဥကမ(နိုင်)၀၀၆၉၃၁]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဒေါ်ညွန့်မေ၊ ဦးထူးသာတို့ထံမှ (၁-၁၂-၂၀၂၂)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ-ဦးသက်ကြိုင်+ဒေါ်အေးအေးသန့်မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၇/၂၀၂၃ဖြင့် ဒေါ်ညွန့်မေ+ဦးထူးသာတို့အပေါ် ပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု စွဲဆိုခဲ့ရာ (၂၈-၄-၂၀၂၃)ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်-၃၀/၂၀၂၃(၅-၇-၂၀၂၃)ရက်စွဲပါ အမိန့်အရ တရားရှုံးကိုယ်စားဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]မှ ဖော်ပြပါတရားရုံး အမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ အောင်ဇေယျ ရပ်ကွက်နေ ဒေါ်ယဉ်ယဉ်ရွှေ[၉/တကန(နိုင်)၀၅၈၉၂၃]၏ မွေးသက္ကရာဇ် အမှန်မှာ ၁၈-၅-၁၉၆၇ ဖြစ်ပါကြောင်း။

**ဒေါ်ယဉ်ယဉ်ရွှေ**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ကြီးအင်းကျေးရွာနေ ဒေါ်မို့မို့ဝင်း [၉/တကန(နိုင်)၁၄၇၈၇၃]၏ မွေးသက္ကရာဇ် အမှန်မှာ ၂၈-၉-၁၉၉၀ ဖြစ်ပါကြောင်း။

**ဒေါ်မို့မို့ဝင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၀)ဒေါ်ကြာဖြူ၏အမည်ပြောင်းတွင်မြေကွက်အမှတ်-၃၄အိတ်ချ်/၂ဘီ-၁ဟုအမှန်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ငြိမ်းကျော်သူ[၉/ပဗသ(နိုင်)၀၁၆၄၆၀](ဘ) ဦးအောင်နိုင်စိုး၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် -

**ဖုန်း-၀၉-၆၉၅၇၅၉၈၈၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀.၂၂၉)ဧက၊ မြေကွက်အမှတ် (ဥ-၅၀၂၅) ဦးအောင်ဘိုဘို(ဘ)ဦးရဲစိန် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးအောင်ဘိုဘို[၁၀/ကမရ(နိုင်)၀၈၀၂၈၈](ဘ)ဦးရဲစိန်မှ ဦးဟိန်းဝင်းဖြိုး [၁၂/ဒလန(နိုင်)၀၄၁၁၀၅](ဘ)ဦးဝင်းရှိန် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)
## ကျောက်တံတားခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀၄ နှင့် ဆက်နွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်– ၁၃၇

(ယခင်) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခု) ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) [၎င်းကိုယ်စား– ဗိုလ်မှူးသိန်းနိုင်(ငြိမ်း)]

နှင့်

၁။ ဦးစိန်ဝင်းထွန်း
၂။ ဦးစည်သူစိုး
၃။ ဦးအောင်မျိုးဆွေ
၄။ ဦးထွန်းမင်းလတ်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးကျော်သန်း)
၅။ ဦးအောင်လွင်ဦး
၆။ ဦးထွန်းဦး
၇။ ဦးဇင်ကိုကိုအောင်
၈။ ဦးညီညီအောင်
၉။ ဒေါ်ဆွေဆွေအောင်
၁၀။ ဦးမိုးကောင်း
၁၁။ ဦးထက်လူ
၁၂။ ဦးအောင်သက်စိုး
၁၃။ ဒေါ်မြတ်မြတ်စိုး
၁၄။ ဒေါ်ခင်မာလာစိုး
၁၅။ ဒေါ်သရဖီမျိုးမြင့်
၁၆။ ဒေါ်ခိုင်ခိုင်ထွန်း
၁၇။ ဦးအောင်ဆန်းလင်း

ဒီကရီအနိုင်ရသူ — တရားရှုံးများ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ပြည်ထောင်စုရိပ်မွန်၊ ပန်းမယ်ဇလီလမ်း၊ အမှတ်(၁)နေ (၁)တရားရှုံး ဦးစိန်ဝင်းထွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ရွှေပိတောက်အိမ်ရာ၊ ရွှေပိတောက်လမ်း၊ အမှတ် (L–4)နေ (၂) တရားရှုံး ဦးစည်သူစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၅၄ လမ်း၊ အမှတ်(၁၇)နေ (၃) တရားရှုံး ဦးအောင်မျိုးဆွေ၊ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ ၂ လမ်း၊ အမှတ်(၃၄၄)နေ (၄) တရားရှုံး ဦးထွန်းမင်းလတ် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးကျော်သန်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ ၄–လွှာ၊ အမှတ်(၁၄၄)နေ (၅) တရားရှုံး ဦးအောင်လွင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်း၊ အမှတ် (၃၄)နေ (၆) တရားရှုံး ဦးထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်(၄၇၈)နေ (၇) တရားရှုံး ဦးဇင်ကိုကိုအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၂၉၀)နေ (၈) တရားပြိုင် ဦးညီညီအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၅၀)နေ (၉) တရားရှုံး ဒေါ်ဆွေဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဣန္ဒာသယလမ်း၊ အမှတ်(၇၄)နေ (၁၀) တရားရှုံး ဦးမိုးကောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(၆၆၈)နေ (၁၁) တရားရှုံး ဦးထက်လူ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ငုဝါလမ်း၊ အမှတ် (၁၃၈)နေ (၁၂) တရားရှုံး ဦးအောင်သက်စိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၆၀)နေ (၁၃) တရားရှုံး ဒေါ်မြတ်မြတ်စိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၅၀) ရပ်ကွက်၊ နေကြာ (၂)လမ်း၊ အမှတ် (၃၄၉)နေ (၁၄) တရားရှုံး ဒေါ်ခင်မာလာစိုး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရတနာသုခလမ်း၊ အမှတ် (၄၆/၈၅၇)နေ (၁၅)တရားရှုံး ဒေါ်သရဖီမျိုးမြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၄၃)ရပ်ကွက်၊ ပုပ္ပါးလမ်း၊အမှတ်(၁၀၅၄)နေ(၁၆)တရားရှုံး ဒေါ်ခိုင်ခိုင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၈/ဒီ)ရပ်ကွက်၊ ကော့သောင်းလမ်း၊ အမှတ် (၁၂၀၈)နေ (၁၇)တရားရှုံး ဦးအောင်ဆန်းလင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

၂၀၂၂ ခုနှစ်၊တရားမကြီးမှုအမှတ်–၂၀၄ တွင်ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် (ယခင်) မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက် (ယခု) ကမ္ဘာ့ရတနာဘဏ် (အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်) (၎င်းကိုယ်စား ဗိုလ်မှူးသိန်းနိုင်(ငြိမ်း)က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ၃ ရက်၊ (၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀:၃၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်သူရ)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၅၄)၊ မြေကွက်အမှတ် (၁၀၆၀/က)၊ (၅၄)ရပ်ကွက်၊ အေးရိပ်မြိုင်လမ်း၊ အိမ်အမှတ် (၁၀၆၀/က) ဟုခေါ်တွင်သော ဒေါ်သိန်းမြ အမည်ပေါက် မြေချပါမစ်၏ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် (ခေါင်းရင်းခြမ်း) (၁၀ပေx ၆၀ပေ) မြေနှင့်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားနေထိုင် အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့် ဦးဟန်ညွန့် [၁၂/လမန (နိုင်) ၀၄၁၅၈၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ယုံကြည်၍ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဟေမာဝင့်အောင်(LL.B)** (စဉ်–၁၀၉၇၁) (တရားလွှတ်တော်ရှေ့နေ)

**ဒေါ်စုစု(LL.B, LL.M)** (စဉ်–၄၇၁၈၆) (အထက်တန်းရှေ့နေ)

**အမှတ် (၅)၊ ဘုရင့်နောင်(၁၀)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၄၉၀၀၉၁၇၉**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်– ၂၀၃

ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) (တောင်ဥက္ကလာ–သုမင်္ဂလာလမ်းဘဏ်ခွဲ) (၎င်း၏ခန့်အပ် တာဝန်ပေးခြင်းခံရသူ ဒေါ်သဇင်လှိုင်) နှင့် ဦးစိုးလှိုင်

**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၂)လမ်း၊ အမှတ် – (၄၅၂) နေ ဦးစိုးလှိုင် (**ယခုနေရပ်လိပ်စာမသိသူ**) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“(၂၅–၇–၂၀၂၃)ရက်နေ့အထိ ကျသင့်သော Union Pay (UPI) Credit Card ဘဏ်ချေးငွေ အရင်းအတိုး နောက်ကျကြေးငွေ စုစုပေါင်း (၂၉,၄၈၈,၉၅၅ ကျပ် ၃၉ ပြား ရလိုမှု”** စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်(၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မောင်မောင်သက်လွင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ ၂၀)
## သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၀၄

ကမ္ဘောဇဘဏ်လီမိတက် (KBZ Bank) (၎င်း၏ ခန့်အပ်တာဝန်ပေးခြင်းခံရသူ ဒေါ်သဇင်လှိုင်) နှင့် ဦးဖြိုးဝေအောင်

**(တရားလို)** — **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာလမ်း၊ အမှတ် (၅၄၇)နေ တရားပြိုင် ဦးဖြိုးဝေအောင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက **“(၁၅–၇–၂၀၂၃)ရက်နေ့အထိ ကျသင့်သော Visa Credit Card ဘဏ်ချေးငွေ အရင်း အတိုး နောက်ကျကြေးငွေစုစုပေါင်း ၃၇,၅၇၃,၇၀၂ ကျပ် ၂၀ ပြား ရလိုမှု”**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၂၆)ရက်၊ (၁၃၈၅ ခုနှစ်၊ နတ်တော်လဆန်း ၁၄ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းလွင်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ နီလာ(၆)လမ်း၊ မြေကွက်အမှတ်(၂၈၁ ဦ/၂)၊ မြေအကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်အဆောက်အဦမှ၊ ပဉ္စမထပ်၊ (၆ –လွှာ)၊ အကျယ်အဝန်း(၁၈ပေ × ၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းတွင်အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာ ဦးသိန်းမြင့်(၁၂/ခရန(နိုင်)၀၀၂၃၂၆)ထံမှ ဒေါ်အိအိသန်းထွန်း(၁၂/ဥကမ(နိုင်)၁၈၉၂၃၃)သည် နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်၊

လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်စုမြတ်မောင် (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ် –၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** အထက်တန်းရှေ့နေ (စဉ် –၅၃၃၄၄)

**ဦးတိုးဝေနိုင် (LL.B)** အထက်တန်းရှေ့နေ (စဉ် –၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉–၄၂၈၀၂၂၃၈၄၊ ၀၉–၄၂၆၈၇၆၆၆၀၊

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(၉)၊ ကံသာယာလမ်း၊ မြေကွက်အမှတ်(၃၅၆/ခ) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးကျော်မြင့်နှင့် ဦးလှမောင် အမည်ပေါက် ပါမစ်မြေကွက်ကြီးနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော (၁)ထပ်တိုက်အပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန္တာစိုး (၁၂/ရပသ(နိုင်) (SPTA–၀၃၈၆၇၆) ကိုင်ဆောင်သူမှ ရောင်းချရန်ကမ်းလှမ်းလာရာကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မိုး(ခ)ဒေါ်စန်းစန်းငွေ [၁၂/လမန(နိုင်) ၀၄၄၂၂၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုး(ခ)ဒေါ်စန်းစန်းငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ ပင်းယ (၁၀)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၂၂၆)၊ နှစ်(၆၀)မြေငှားဂရန်မြေ၊ အကျယ် (၄၀ပေx ၆၀ပေ)ပေါ်၌ တည်ဆောက်ထားသော (၂)ခန်းတွဲ RC (၆)ထပ်တိုက်၊ တိုက်အမှတ်(၂၂၆)၊ မြေညီထပ်၊ (တိုက်ကိုမျက်နှာမူလျှင်– ဘယ်ဘက်ခန်း)၊ အကျယ်အဝန်း (အလျား ၁၇ပေx အနံ ၅၂ ပေ)၊ (၈၈၄)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေ၊ မီး၊ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်အရောင်းအဝယ်ကတိစာချုပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးလင်းသန့် [၁၂/တမန(နိုင်)၁၁၀၁၆၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးထွန်းထွန်းဝင်း [၁၂/ပဘတ(နိုင်)၀၀၇၆၄၉] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝါဝါစံ [LL.B ] တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၁၅၀)**
**အမှတ် (၄၇၉)၊ ၇–လွှာ၊ အောက်ပုဇွန်တောင်လမ်း၊ (၅) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၄၂၁၀၁၅၂၅၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ် (ဒ–၂၃၁၀၊ ဒ–၂၃၁၁)၊ မြေဧရိယာ (၀.၄၅၉)ဧကရှိ ဒေါ်ဝင့်ရည်မှိုမှိုထက် (ဘ) ဦးခင်လတ် [၁၃/တကန(နိုင်)၁၅၉၈၅၀] အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ဝင့်ရည်မှိုမှိုထက်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၂၄၆/၂၀၂၃) (၁၈–၇–၂၀၂၃) ရရှိထားသူ ဦးအောင်သူမင်းဟန် (ဘ) ဦးမင်းဟန် [၉/အမဇ(နိုင်)၀၃၁၂၆၁]မှ အားသစ်မာန်ကုမ္ပဏီလီမိတက်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ–၄၆၃၂)၊ မြေဧရိယာ (၀.၀၈၂)ဧကရှိ ဒေါ်အေးအေးခိုင် (ဘ) ဦးမြင့်ငွေ(ခ)ပေါက်စ [၁၂/သကတ (နိုင်)၁၄၆၆၇၂] အမည်ပေါက် (ပါမစ်)မြေကွက်ကို ဒေါ်သင်းမြတ်မြတ်စိုး (ဘ) ဦးခင်စိုး [၇/ညလပ(နိုင်)၁၇၉၁၂၂]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ **မြေငှားစာချုပ်**လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ–၂၆၄၀)၊ မြေဧရိယာ (၀.၂၂၉)ဧကရှိ ဒေါ်မြင့်မြင့်နွယ် (ဘ) ဦးတင်မောင် [၉/မနတ(နိုင်)၀၇၉၉၇၁] အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်မြင့်မြင့်နွယ်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၂၉၃၇/၂၀၂၃) (၂၂–၈–၂၀၂၃)ရရှိထားသူ ဦးသီဟစိုး (ဘ) ဦးစိုးတင့် [၁၀/ကထန(နိုင်)၁၃၁၆၉၃]မှ ဒေါ်လင်းလင်းမြင့်(ခ)ခင်ဝင်းကြည်(ဘ) ဦးရင်ဖေဖူး(ခ)ချစ်ဆွေ [၉/မရမ(နိုင်)၀၄၅၉၈၇]နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ရွှေမိုးကောင်းကွန်ဒို
# မှ

အထူးပရိုမိုးရှင်း

**(25%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။**

**FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန် ဖိတ်ခေါ်ပါသည်။**

**ဆက်သွယ်ရန်ဖုန်း ၀၉ - ၃၆၁၂၈၈၁၄၊ ၀၉ - ၂၅၄၀၃၄၈၇၁**



## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ စံပယ်(၈)လမ်း၊ (၅)ရပ်ကွက်၊ အမှတ်-၈၅၀(ခ)ဟု ခေါ်တွင်သော အကျယ်(၁၅ x ၆၀)ပေရှိ အိမ်ခြံမြေကွက်အား စာချုပ်အဆက်ဆက် ဖြင့်တရားဝင်ပိုင်ဆိုင်ထားကာ အရှုပ်အရှင်းဟူသမျှ ကင်းရှင်းပြီး ပြန်လည်ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံသူ ဦးမျိုးအောင် [၁၄/ကလန(နိုင်)၀၀၀၈၆၈]ကိုင်ဆောင်သူမှ ယင်းအိမ်ခြံမြေအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇူလိုင်မိုး[၁၂/ဒဂမ(နိုင်)၀၂၀၇၆၄] ကိုင်ဆောင်သူမှ ဝယ်ယူရန်သဘောတူခဲ့ပါသည်။ ထို့နောက် နှစ်ဦးသဘောတူအိမ်ခြံမြေကွက်အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုကာ ဝယ်ယူပြီးဖြစ်ကြောင်းနှင့် ယင်းအိမ်ခြံမြေ၏ စီမံပိုင်ခွင့်နှင့်ပတ်သက်ပြီး ဝယ်ယူသူ ဒေါ်ဇူလိုင်မိုးထံတွင်သာ အပြည့်အဝရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းမျက်သွယ် (LL.B /D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၈၃၁)**
**အမှတ်(၇၁၀)၊ ပုန်းညက်လမ်း(၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-796632880, ph-09695307908**

## "အများသိစေရန်အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော (၁)ထားဝယ်မြို့၊ ကျောင်းတိုက်လမ်း၊ အမှတ်-၁၆၁(ခ)နေ ဒေါ်မြင့်မြင့်စန်း [၆/ရဖန (နိုင်) ၀၀၁၈၆၇]၊ (၂) မော်လမြိုင်မြို့၊ တောင်ဝိုင်းရပ်၊ နှင်းဆီခြံလမ်း၊ အမှတ်-၉၂ နေ ဦးအောင်သန်း [၁၀/မလမ(နိုင်)၀၁၈၅၃၇]၊ (၃)ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အာသာဝတီ(၂)လမ်း၊ အမှတ်-၂/၄၀နေ ဒေါ်သက်မာစိုး(ကွယ်လွန်သူ ဦးညွန့်စီ၏ဇနီး) [၁၂/သကတ(နိုင်) ၀၀၁၆၅၈]၊ (၄)ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ၊ တိုက်အမှတ်-၂၈၊ အခန်း-၁၀၁၊ ပထမထပ်နေ ဒေါ်သီတာမြင့် [၁၂/ဥကမ (နိုင်)၁၆၉၉၆၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကွယ်လွန်သူများဖြစ်ကြသော ဦးသန်းမြင့်နှင့်ဒေါ်အုံးကျင်တို့တွင် သားသမီး (၆)ဦး ထွန်းကားခဲ့ရာ ကြီးစဉ် ငယ်လိုက်အားဖြင့် (၁) ဒေါ်မြင့်မြင့်စန်း၊ (၂) ဦးဇင်မြင့်၊ (၃)ဦးအောင်သန်း၊ (၄)ဦးညွန့်စီ၊ (၅) ဒေါ်သီတာမြင့်နှင့် (၆) ဦးအုန်းသန်းတို့ဖြစ်ပါသည်။ ၎င်းတို့အားလုံးသည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေကိုလိုက်နာကြသူများဖြစ်ပါသည်။

ဖခင်ဦးသန်းမြင့်သည် (၁၇-၄-၁၉၇၂) ရက်နေ့တွင်လည်းကောင်း၊ မိခင်ဒေါ်အုံးကျင်သည် (၁၅-၉-၂၀၁၂)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ပြီး သားဖြစ်သူ ဦးအုန်းသန်းသည် လူပျိုဘဝဖြင့် မိခင်ဒေါ်အုံးကျင်ထက်စော၍ ကွယ်လွန်ခဲ့ပါသည်။ သားဖြစ်သူ ဦးညွန့်စီသည် (၇-၂-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်သက်မာစိုးကျန်ရစ်ခဲ့ပါသည်။

မိခင်ဖြစ်သူ ဒေါ်အုံးကျင်ကွယ်လွန်သည်တွင် အမွေပစ္စည်းအဖြစ် ဒေါ်အုံးကျင်၏အမည်ပေါက်လျက်ရှိသော အောက်ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတို့ကျန်ရှိခဲ့ပါသည်-

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်-၁၆၂ ၁/၂၊ အလျား ၂၀' x အနံ ၆၀' (၁၂၀၀ စတုရန်းပေ) ရှိသော နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်ခံ/ပျဉ်ထောင်နှစ်ထပ် နေအိမ် အဆောက်အအုံတစ်လုံး။**

အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံတို့အပေါ်တွင် ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် ဦးဇင်မြင့်တို့ကတစ်ဦးလျှင် အမွေဝေစုအဖြစ် ၁/၅ ပုံ (ငါးပုံတစ်ပုံ) စီကို အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြပါသည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ မြေနှင့်ယင်းမြေပေါ်ရှိအဆောက်အအုံတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများ၏စာဖြင့် သဘောတူညီချက်မရရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လှူဒါန်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | | |
|---|---|---|---|
| **ဦးတင်ရွှေ** | **ဒေါ်ဥမ္မာဆွေ** | **ဒေါ်မြတ်သီတာလွင်** | **ဒေါ်ဇင်ဝေဝေမြင့်** |
| **(စဉ်-၂၆၄၅)** | **(စဉ်-၄၆၀၁)** | **(စဉ်-၈၃၂၀)** | **(စဉ်-၁၅၀၃၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၅၆၃၊ ပထမထပ်၊ အခန်းအမှတ်-၂/၁၀၄၊ MAC တာဝါ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝင်းသူ [၁၂/သလန (နိုင်) ၁၂၀၂၁၅] နိုင်ငံကူးလက်မှတ်စာအုပ် (နံပါတ်မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-423777854**

**ဝတ်ရည်ဦး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၄)၊ ဦးပိုင်အမှတ်(၁၂၃)၊ ၂၆x၂၈လမ်းကြား၊ ၅၇x၅၈ လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးဘဝင်း[၁၃/တကန(နိုင်)၁၂၆၀၈၈]၏(GP ရသူ ဦးအောင်ထွန်းကျော်)နှင့် ဒေါ်တင်မေ [၉/မရမ(နိုင်)၀၆၇၀၀၆]တို့က တောဂရန်စာချုပ်နှင့်အတူအမှုတွဲ အမှတ်-၆၀၇၉/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က(၇)လမ်း၊ တိုက်အမှတ်-၃၄၈၊ ၃လွှာခြေရင်းခန်း အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်အေးအေးသက် [၁၂/လမန(နိုင်)၀၀၄၈၇၄] ကိုင်ဆောင်သူမှ လက်ရှိပိုင်ဆိုင်သူဖြစ်၍ ၎င်းတို့ထံမှ ယင်းတိုက်ခန်းကို ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ရောင်းချသူထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ဤကြော်ငြာသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော သက်သေအထောက်အထား စာချုပ်မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ယင်းတိုက်ခန်း အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်ဆန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၆၃)**
**အမှတ်(၆၄)၊ သီရိ-သပြေညိုလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၈၀၄၆၆၉၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်၈၃(ခဲစင်း)၊ ယုဇနလမ်း၊ ၄၉ x ၅၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်ဝင်း WMDY-၃၄၃၃၀၄[၉/မနတ(နိုင်)၀၇၃၉၀၂]၏ (SP ရသူ ဒေါ်မေသန့်စင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် ၆၀၄၇/၂၀၂၃-၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဝီရိရပ်ကွက်၊ အကွက်အမှတ်(၁၄၁)၊ ဦးပိုင်အမှတ်(၃၉)၊ ၁၇ လမ်း၊ ၈၁ x ၈၂လမ်းကြားရှိဘိုးဘမြေကွက်အမည်ပေါက်သူဦးတောက်ထွန်းမြင့်၊ ဒေါ်ညွန့်ညွန့် တို့နှစ်ဦးအနက် ဇနီးဖြစ်သူဒေါ်ညွန့်ညွန့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်(၄၄၅/၂၀၁၂) ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်းဖြစ်သူ ဦးတောက်ထွန်းမြင့်၏ (GPရသူ ဦးသန်းအောင်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၃၀၂၅/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြစန်း[၅/ကနန(နိုင်)၁၀၅၅၆၂]က အမှုတွဲအမှတ်-၀၆၅၉/ဘ/(ပြောင်း)/၂၀၂၃-၂၀၂၄ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဦးဟာနစ်[၁၂/သဃက(နိုင်)၁၅၀၇၁၄]နှင့် အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ၁။ဒေါ်ခင်အေး[၁၂/သဃက(နိုင်)၁၅၀၇၁၅]၊ ၂။မောင်မျိုးအောင်[၁၂/သဃက(နိုင်)၁၈၂၄၇၁]၊ ၃။မောင်မျိုးလွင်[၁၂/သဃက(နိုင်)၁၈၂၄၇၂]၊ ၄။မမျိုးစံပယ် [၁၂/သဃက(နိုင်)၁၈၂၅၆၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးဟာနစ်နှင့် ဒေါ်ခင်အေးတို့၏သား၊ သမီးများမှာမောင်မျိုးအောင်၊ မောင်မျိုးလွင်နှင့်မမျိုးစံပယ်တို့ဖြစ်ကြပါသည်။

၂၅-၁၁-၂၀၂၃ ရက်စွဲပါမိသားစုအချင်းချင်းသဘောတူကတိစာချုပ်ဖြင့် ဦးဟာနစ်က ဒေါ်ခင်အေးနှင့် သားသမီးများထံမှ ငွေကျပ် ၁၀၀၀, ၀၀,၀၀၀/-(ကျပ်သိန်းတစ်ထောင်တိတိ)အား လက်ခံရရှိပြီးဖြစ်ပါသည်။ ဒေါ်ခင်အေးနှင့်သား/သမီးများထံမှနောက်ထပ်ငွေကြေးတစ်စုံတစ်ရာရလိုကြောင်း မည်သည့် အကြောင်းနှင့်မျှ တောင်းခံခြင်းမပြုတော့ပါဟု ဦးဟာနစ်မှဝန်ခံကတိပြုခဲ့ပြီးဖြစ်ပါသည်။

ဦးဟာနစ်နှင့်ဒေါ်ခင်အေး၊ သား/သမီးများအကြားရရန်၊ ပေးရန်တစ်စုံတစ်ရာ လုံးဝမရှိတော့ပါကြောင်း ဦးဟာနစ်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးကျော်မြင့် (H.G.P, LL.B)** | **ဒေါ်နှင်းမြခိုင် (LL.B, LL.M )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀၃)** |

**အမှတ်(၁၂၆)ပထမထပ်(ယာ) ၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၈၆၇၀၄၊ ၀၉-၄၄၃၀၈၈၃၈၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၉၈

| | | |
|---|---|---|
| ဦးတင်ဆန်း | နှင့် | ၁။ ဦးသီး |
| | | ၂။ ဦးစန်းလှိုင် |
| **(တရားလို)** | | **(တရားပြိုင်များ)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ်(၃၃)နေ (၁)တရားပြိုင် ဦးသီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု "ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ လ ( ၉ )ရက်၊ (၁၃၈၅ ခုနှစ်၊ နတ်တော်လဆုတ် ၁၃ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာ ကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အုန်းရီမြင့်)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၈၅/၁၉၃)ဟု ခေါ်တွင်သည့် (၈)ထပ်တိုက် အဆောက်အဦး၏ (၆)လွှာ (ညာဘက်ခြမ်း)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဒေါ်ခင်ဝင်းအေး [၁၂/ပဘတ(နိုင်)၀၂၈၅၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဝင်းက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်မာသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးထူးရင်(စဉ်-၈၀၂၄)**
**(LLB, L.L.M) (Credit) တရားလွှတ်တော်ရှေ့နေ**
**တာဝါဘီ၊ အခန်းအမှတ်(၄၀၁)၊ လမ်း(၅၀)ကွန်ဒို၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၂၇၁၂၉၊ ၀၉-၂၅၄၃၇၄၃၇၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **အခြေအနေအချိန်အခါနှင့် လိုက်လျောညီထွေဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများအားလုံး တိုးတက်အောင် ဆောင်ရွက်နေရမည်ဖြစ်...**

❖ **မည်သည့်လုပ်ငန်းမှ ရပ်တန့်နေ၍မရ...**

❖ **ရပ်တန့်နေပါက ရပ်တန့်နေသည့် နယ်ပယ်၊ ရပ်တန့်နေသည့် ဒေသ ကျန်ခဲ့မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၃)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## လာမည့်နှစ်ဆားရာသီတွင် မွန်ပြည်နယ်မှ ဆားတန်ချိန် ၄၇၀၀၀ ခန့်ထွက်ရန်မျှော်မှန်းထား

**ရန်ကုန် ဒီဇင်ဘာ ၂၁**

လာမည့်နှစ်ဆားရာသီတွင် မွန်ပြည်နယ်မှ ဆားတန်ချိန် ၄၇၀၀၀ ခန့်ထွက်ရန် မျှော်မှန်းထားကြောင်း သတ္တုတွင်းဦးစီးဌာန မွန်ပြည်နယ် ဆားလုပ်ငန်းဌာနခွဲမှ ဦးစီးမှူး ဦးခင်ဝင်းက ပြောသည်။

**ခန့်မှန်းထား**

အဆိုပါအချက်အလက်မှာ ဒီဇင်ဘာလကုန်တွင် ဆားအသစ်စတင်ထွက်ရှိချိန်မှ အစပြုကာ ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် မေလကုန်အထိ ဆားရာသီတွင် ထွက်ရှိနိုင်မည့်စာရင်းကို ခန့်မှန်းထားခြင်းဖြစ်သည်။

"ဒီလကုန်လောက်ဆို ဆားအနည်းအကျဉ်း စထွက်ပါပြီ။ ဆားရာသီကတော့ ဒီဇင်ဘာလကစပြီး လေးလပိုင်း သင်္ကြန်မိုးရွာပြီး ခဏလောက်နားပြီးတော့ ဆက်ပြီးမရွာရင် ငါးလပိုင်းကုန်မှ စာရင်းချုပ်တယ်။ ဒီနှစ်ကတော့ တန်ချိန် ၄၇၀၀၀ လောက်ထွက်ဖို့ မှန်းထားတယ်"ဟု ၎င်းက ဆိုသည်။

မွန်ပြည်နယ်တွင် ပြီးခဲ့သည့် စက်တင်ဘာလက ဆားကြမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၇၀ နှင့် ၁၈၀ ဈေးရရှိခဲ့သော်လည်း ယခုဈေးနှုန်းအရ ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၄၀ ခန့်ကျဆင်းသွားကြောင်း ၎င်းကပြောသည်။

**တန်ချိန် ၄၀ တင်ပို့ရန် ပြင်ဆင်နေ**

ပြည်ပတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက မွန်ပြည်နယ်သံဖြူဇရပ်မြို့နယ်မှ ထွက်ရှိသော

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❐

---

### ယနေ့ ဖတ်စရာ

**မတ္တရာမြို့နယ်နှင့် ဝန်းသိုမြို့နယ်များမှ ကျေးရွာများအတွင်းရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့နေကြောင်း မဟုတ်မမှန် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ**

စာမျက်နှာ » ၁၄

**ပြည်တွင်း စက်သုံးဆီသုံးစွဲမှုများအတွက် စက်သုံးဆီအလုံအလောက် ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် တရားမဝင် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းချမှုများအား စိစစ်အရေးယူ ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၅

**PDF အမည်ခံ အကြမ်းဖက်သမားများက လောင်းလုံးမြို့အတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသမ်းပစ်ခတ်သဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၊ ကလေးငယ် လေးဦး အပါအဝင် ရှစ်ဦး ဒဏ်ရာရရှိ**

စာမျက်နှာ » ၂၀

---

## MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ အုပ်စုတတိယနေ့ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

MNL 2 Promotion Amateur Club Tournament ပြိုင်ပွဲ အုပ်စုတတိယနေ့ကို ယနေ့တွင် ဆက်လက်ကျင်းပရာ Rainbow အသင်း နိုင်ပွဲဆက်ပြီး နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။

**မျှော်လင့်ချက်ရှိလာ**


တတိယနေ့ နံနက်ပိုင်းကျင်းပသည့်ပွဲတွင် Rangers အသင်းက TKG Hmawbi အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ Rangers အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်ချက်ရှိလာသည်။

စာမျက်နှာ ၂၀ ကော်လံ ၅ သို့ ❍




Rainbow အသင်းနှင့် Burmese Bees အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

---




## ဝက်စ်ဟမ်းအသင်းကို အနိုင်ရရှိပြီး လီဗာပူးအသင်း အီးအက်ဖ်အယ်လ်ဖလား ဆီမီးဖိုင်နယ်တက်လှမ်း

လီဗာပူးအသင်းနဲ့ ဝက်စ်ဟမ်းအသင်းတို့ ဒီဇင်ဘာ ၂၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီးအက်ဖ်အယ်လ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ လီဗာပူးအသင်းက ဝက်စ်ဟမ်းအသင်းကို ငါးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် လီဗာပူးအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

**သွင်းယူပေးခဲ့**

အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၈ မိနစ်မှာ ဇိုဘော့ဆလိုင်းက တစ်ဂိုး၊ ဒုတိယပိုင်းပွဲကစားချိန် ၅၆ မိနစ်နဲ့ ၈၄ မိနစ်တို့မှာ ကာတစ်ဂျုံးစ်က နှစ်ဂိုး၊ ၇၁ မိနစ်မှာ ဂတ်ပိုကတစ်ဂိုးနဲ့ ၈၂ မိနစ်မှာ မိုဟာမက်ဆာလာက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၇၇ မိနစ်မှာ ဘိုဝင်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ကာတစ်ဂျုံးစ် သွင်းယူပေးခဲ့တဲ့ သွင်းဂိုးဟာ လီဗာပူးအသင်းအနေနဲ့ အီးအက်ဖ်အယ်လ် ဖလားပြိုင်ပွဲမှာ သွင်းဂိုး ၅၀၀ ပြည့်မြောက်တဲ့ သွင်းဂိုးလည်း ဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❂